မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၄ ရက် ၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၉၁)

လွတ်လပ်သော နိုင်ငံသားများအဖြစ် တင့်တင့်တယ်တယ် ရပ်တည်

မြန်မာတို့သည် ဇာတိမာန်တက်ကြွပြင်းထန်သူများ ဖြစ်ကြသည့်အပြင် လွတ်လပ်သော နိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ် ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာ သိရှိကြသော လူမျိုးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

ရေဝတီတိုင်း၏ ပေါကြွယ်ဝသော သဘာဝအရင်းအမြစ်များကို ဖော်ထုတ်

အမြဲတီထွင်ကြံဆ နည်းလမ်းရှာ၍ မြေသယံဇာတများ အပြည့်အဝအသုံးချ

စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးလုပ်ကိုင်

စီးပွားရေးလုပ်ငန်းများ ပြန်လည် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်

မြို့နှင့် ကျေးရွာများ ခေတ်မီဖွံ့ဖြိုး စည်ပင်လာအောင် ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှိုင်းဘုန်းစံပြကျေးရွာ လူနေအိမ်အသစ်များ၌ အိမ်ထောင်စုအလိုက် စိုက်ပျိုးထားသည့် မီးဖိုချောင်သီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ဆက်လက်သွားရောက်၍ မြို့နယ်အလိုက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှထွက်ခွာလာရာ နံနက် ၁၀ နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

မြန်မာ့အလင်း

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

➤ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ ဒို့ပြည် ဒို့မြေ

ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၏ ဆောင်းပါး စာ ၈ နှင့် ၉

➤ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

စာ ၈ နှင့် ၉

➤ ဝင့်ထည်လို့မြူး

ရေနံ့သာမောင်ကျော်ညွန့်၏ ကဗျာ စာ ၂၀

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်

တိုင်းရင်းသားပြည်သူများအားလုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် နယ်ချဲ့ကိုလိုနီတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား လျော့နည်းခဲ့ရပြီး အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအကျဆုံးသည် အမျိုးသားစည်းလုံးညီညွတ်ရေးပင် ဖြစ်သည်။

သမိုင်းစဉ်တစ်လျှောက် ပြန်လည်ဆန်းစစ်ကြည့်ပါလျှင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ချစ်ခင်စည်းလုံးစွာ အပြန်အလှန် စာနာနားလည်မှုတို့ဖြင့် ပူးပေါင်းနေထိုင်ခဲ့ကြသည့် အစဉ်အလာကောင်းရှိခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။

နယ်ချဲ့တို့၏ကျူးကျော်မှုကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ လက်လွတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော်လည်း မြန်မာတို့၏ မူလဗီဇလက္ခဏာများဖြစ်ကြသည့် မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် စွန့်လွှတ်သည့်စိတ်ဓာတ်၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြသည်။

မျက်မှောက်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် တညီတညွတ်တည်း လျှောက်လှမ်းချီတက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပဉ္စမအဆင့်သို့ရောက်ရှိနေပြီ ဖြစ်သည်။

သို့ဖြစ်ပါ၍ အသက်၊ သွေး၊ ချွေးနှင့် ရင်းနှီးပေးဆပ် ရယူခဲ့သော လွတ်လပ်ရေးကို ထိန်းသိမ်းရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန် တိုင်းရင်းသားပြည်သူများက ကာကွယ်စောင့်ရှောက်ကြလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ တက်ညီလက်ညီ ချီတက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဓာတ်အားလိုင်း တည်ဆောက်မှု ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့အနီး တည်ဆောက်လျက်ရှိသည့် ၂၃၀ ကေဗွီ ကမာနတ်(ပဲခူး)-သန်လျင် မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် ၂၂၉ တည်ဆောက်နေမှု၊ ခရမ်းမြို့အနီး တည်ဆောက်လျက်ရှိသည့် တာဝါတိုင်အမှတ် ၁၄၃ နှင့် ၁၅၂ အကြား ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးသွယ်တန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် သန်လျင်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များကိုမှာကြား၍ ဓာတ်အားခွဲရုံ Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပဲခူးမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် ၂၃၀ ကေဗွီ သာကေတ-သန်လျင် မဟာဓာတ်အားလိုင်း တာဝါတိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၁၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၁၀)

ရခိုင်ပြည်နယ် မာန်အောင်မြို့ ကျွန်းပတ်လမ်း ကျောက်ချောလမ်းခင်း လုပ်ငန်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၀ရက်က မာန်အောင်မြို့ ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ခရိုင်အင်ဂျင်နီယာမှူး ဦးခင်စိုးနှင့် မြို့နယ်အင်ဂျင်နီယာ ဦးဘထွန်းတို့က ကျောက်ချောလမ်းခင်းနေမှုအခြေအနေများနှင့်ပတ်သက်၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။ (အပေါ်ပုံ)

ဆက်လက်၍ တိုင်းမှူးသည် ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။ (၁၁၃)

တံတားတည်ဆောက်ရေး လုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒီဇင်ဘာ ၂၄ ရက်က ကချင်ပြည်နယ် ဟိုပင်မြို့နယ်၌ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က တာဝန်ယူဆောင်ရွက်လျက်ရှိသော နန့်ခွင်ချောင်းတံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

သွားရောက်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် မိုးကောင်းမြို့နယ် ရွှေကူ-မြစ်ကြီးနားလမ်းဟောင်းပေါ်ရှိ မြို့ဟောင်းတံတား(နန့်ကောင်းချောင်း)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံတက္ကသိုလ် မြန်မာစာအထူးပြုအာစရိယပူဇော်

ဒဂုံတက္ကသိုလ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ဥက္ကလာပစေတီ နှစ်ကိုယ်ရှစ်ဆူတန်ဆောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြစဉ်။ (၁၁၉)

ရွှေကူမြို့နယ် ကျေးရွာအုပ်စုများလုံးကျွတ် မြေနှင့် အဆောက်အအုံရရှိရေး ဆောင်ရွက်

ရွှေကူ ဒီဇင်ဘာ ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ပညာဗဟုသုတပြည့်ဝနိုင်ရေးနှင့် ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံရရှိရေး အုပ်စုလုံးကျွတ် ခိုင်မာစာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဗန်းမော်ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်နှင့်အတူ မြို့နယ်ဦးစီးမှူးဦးကျော်စိုးနိုင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများသည် ဒီဇင်ဘာ ၂၇ရက်က ရွှေကူမြို့နယ် ကျေးရွာအုပ်စုခြောက်အုပ်စုအတွင်းရှိ ပန်းတင်၊ မြိုင်သာ၊ လမ်းကူး၊ စီသာ၊ မံနား၊ စီမော်၊ ဟိန်ကောင်၊ မိုးကင့်၊ စံမူကြီး၊ စံမူလေး၊ နတ်လှန်၊ ဝင်ဝ၊ နောင်လက်ကြီး၊ ဝေခူးနှင့် ငါးဘတ်ကြီးကျေးရွာများ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၅တိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

"အေးချမ်းခေတ်မီ မြန်မာပြည်" ဓာတ်ပုံပြပွဲ တတိယဆုရဓာတ်ပုံ။ (မြန်မာ့အလင်း)

* ကျောဖုံးမှ

ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ဆုချီးမြှင့်သည်။ ပထမဆုအဖြစ် အောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ ဒုတိယ သိန်းဦး(မြနန္ဒာ) နှင့် တတိယ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)တို့၏ ဓာတ်ပုံများ ဆုရရှိခဲ့ကြသည်။

စိတ်အေးချမ်းသာစွာ

ပထမဆုရရှိသည့် အောင်ကျော်ထွန်း (ပုသိမ်ကြီး)၏ ဓာတ်ပုံမှာ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပြည်သူများ အပန်းဖြေနေသည့် ဓာတ်ပုံဖြစ်သည်။ "လွတ်လပ်ပြီး တည်ငြိမ်အေးချမ်းတဲ့နိုင်ငံမှာ ပြည်သူတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနေကြတဲ့ပုံကို ဖော်ကျူးထားတာပါ"ဟု ဓာတ်ပုံပညာရှင် အောင်ကျော်ထွန်းက ပြောပြသည်။

ရောဝတီတံတား (ရတနာပုံ)

ဒုတိယဆုရရှိသည့် သိန်းဦး(မြနန္ဒာ)၏ ဓာတ်ပုံမှာ မှောင်ရိပ်သန်းစအချိန် ရောဝတီတံတား(ရတနာပုံ)ကို ရှုထောင့်ကောင်းကောင်းမှ ရိုက်ကူးထားခြင်းဖြစ်သည်။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေမှုကို မြန်မာ အင်ဂျင်နီယာများက ခေတ်မီနည်းပညာများအသုံးပြုပြီး တည်ဆောက်ထားမှုကို မီးမောင်းထိုးပြနိုင်သည့် ဓာတ်ပုံဖြစ်သည်။ လွတ်လပ်သော မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နေမှု၏ ပကတိပြယုဂ်တစ်ခုပင် ဖြစ်သည်။

ကရဝိက်ရုပ်တုကြီး

တတိယဆုရရှိသည့် ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၏ ဓာတ်ပုံမှာ ရန်ကုန်မြို့ ကရဝိက်ခန်းမရှိ ကရဝိက် ရုပ်တုကြီးကို အနီးကပ်ယူပြီး မိုးပျံအထပ်မြင့် အဆောက်အအုံနှစ်ခုကို နောက်ခံထား ရိုက်ကူးထားပုံဖြစ်သည်။ လွတ်လပ်သည့် နိုင်ငံ၌ ရှေးရာယဉ်ကျေးမှု ဗိသုကာလက်ရာများကို ထိန်းသိမ်းထားနိုင်သကဲ့သို့ ခေတ်မီနည်းစနစ်များဖြင့် ခေတ်မီအဆောက်အအုံ များကိုလည်း တည်ဆောက်နေမှုကို ဖော်ညွှန်းနိုင်သည့် ပုံရိပ်ဖြစ်သည်။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများကား ယနေ့မြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးမှု၊ တည်ငြိမ်အေးချမ်းနေမှုများကို ပကတိပုံရိပ်များဖြင့် ထင်ထင်ရှားရှား ညွှန်းပြနေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

ရန်ကုန် ဒီဇင်ဘာ ၂၉

သန်လျင်မြို့နယ် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့တွင်းလမ်း ရှစ်လမ်းအနက် အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၇နာရီက အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ တိုင်းဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်တို့ တက်ရောက်ကြပြီး အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ ရပ်မိရပ်ဖ ဦးစောမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

စက်စဲကမ်းခြေ သဲသောင်ပြင်အားကစားပြိုင်ပွဲ ကျင်းပ

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေဒေသတွင် ဒီဇင်ဘာ ၂၄ရက် မွန်းလွဲ ၂နာရီမှစတင်၍ သဲသောင်ပြင်အားကစားပြိုင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကို ကျင်းပသည်။

ဆင်နွှဲ

အားကစားပြိုင်ပွဲများနှင့် မီးပုံးပျံလွှတ်တင်ပြိုင်ပွဲကို သံဖြူဇရပ်မြို့ပေါ်ရပ်ကွက်များ၊ ထင်းရှူး၊ ကရပ္ပိ၊ ပင၊ နှစ်ကိုင်း၊ ပဒံ့စသော ပတ်ဝန်းကျင်ကျေးရွာ ၂၇ရွာမှ ရွာသူရွာသားများ စုစုပေါင်းအင်အား ၉၀၀၀ကျော်လာရောက်ကြပြီး အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် တပျော်တပါး ဆင်နွှဲကြသည်။

ချီးမြှင့်

ညနေ ၅နာရီခွဲတွင် မီးပုံးပျံလွှတ်တင်ပွဲကို ဆက်လက်ကျင်းပရာ မြို့ပေါ်ရပ်ကွက်များ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသည့် အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ငွေဆောင်ကမ်းခြေ၌ ပျော်ပွဲရှင်ပွဲ ကျင်းပမည်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရှင်ပွဲအဖြစ် ဒုံးယိမ်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ငွေဆောင်ကမ်းခြေ၌ ကျင်းပမည်ဖြစ်ရာ ပထမဆုငွေအဖြစ် ငွေကျပ်တစ်သိန်းငါးသောင်းနှင့် ဒုတိယဆုငွေအဖြစ် ငွေကျပ်တစ်သိန်း၊ တတိယဆုငွေအဖြစ် ငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်မည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်းနိုင်

ဆုချီးမြှင့်ပွဲနှင့်အတူ ဆင်အက၊ ကျားအကနှင့် ဇော်ဂျီအကများပါဝင်သော ပဒေသာအကများဖြင့် ဖျော်ဖြေတင်ဆက်မည့်အပြင် စားသောက်ဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော အဖွဲ့များသည် ဖုန်း-၅၀၂၆၈၁နှင့် ၅၀၂၆၈၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

တာမွေအလက(၁)၌ ဟောပြောပွဲကျင်းပ

တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာမွေအလက(၁)တို့ ပူးပေါင်းဆောင်ရွက်သည့် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကို ဒီဇင်ဘာ၂၂ရက်က တာမွေအလက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်စိုးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက **"မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု"**ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက် ၃၆ ဦးသေဆုံး၊ ၁၅ဦးဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် ဒီဇင်ဘာ ၂၈ရက်က ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၃၆ဦးသေဆုံးပြီး၊ ၁၅ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒီဇင်ဘာ ၂၉ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုသည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ တည်ငြိမ်မှုမရှိသော ဆဝပ်တောင်ကြားဒေသ၏ အစွန်အဖျားရှိ ဘူနာမြို့ စာသင်ကျောင်းတစ်ကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အနီးအနားရှိ ဈေးတစ်ဈေးတွင်လည်း ပြိုကျပျက်စီးမှုများ (ဝဲပုံ) ဖြစ်ပေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အပြစ်မဲ့ပြည်သူသေဆုံး

ယင်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့ကမျှ ၎င်းတို့၏တာဝန်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။ ပြီးခဲ့သည့် ၁၈လတာကာလအတွင်း ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ယခုနောက်ဆုံး အသေခံကားဗုံးခွဲတိုက်ခိုက်မှုနှင့် အခြားတိုက်ခိုက်မှုများတွင် အပြစ်မဲ့ပြည်သူ ၁၅၀၀ကျော် သေဆုံးခဲ့ရသည်။

တိုက်ခိုက်နှိမ်နင်း

တစ်ချိန်က ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ခဲ့ရာ ဆဝပ်တောင်ကြားဒေသတွင် တာလီဘန်များနှင့် ဆက်နွယ်သော တာလီဘန်စစ်သွေးကြွများအား ပါကစ္စတန် စစ်ဘက်က ထိထိရောက်ရောက် တိုက်ခိုက်နှိမ်နင်းခဲ့သည်။ သို့သော်လည်း ယင်းဒေသတွင် အကြမ်းဖက်မှုများ လျော့ပါးသွားခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ဒဏ်ရာရရှိသူ ၁၅ ဦးအနက် ခုနစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိပြီး ဆေးကုသမှုခံယူရန်အတွက် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာပြည်နယ်၏မြို့တော် ပက်ရှဝါမြို့ရှိ အဓိကဆေးရုံကြီးတစ်ရုံသို့ ပို့ဆောင်ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

ဂါဇာကမ်းမြောင်သို့ ကြည်းတပ်များစေလွှတ်ဖွယ်ရှိ အစ္စရေးအစိုးရက ပြောကြား

ဂါဇာ ဒီဇင်ဘာ ၂၉

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၂၈၀ သေဆုံးခဲ့သည့်ဟားမတ်စ်တို့ ခိုအောင်းရာ ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဆက်လက် တိုက်ခိုက်နေဆဲဖြစ်ပြီး ယင်းဒေသအတွင်းသို့ ကြည်းတပ်ဖွဲ့များလည်း စေလွှတ်ဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။

ဟားမတ်စ်တို့က အစ္စရေးတို့အား ဒုံးကျည်များဖြင့် ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ရာ ဂါဇာကမ်း မြောင်ဒေသ၏ မြောက်ဘက်ကီလိုမီတာ ၃၀အကွာရှိ အစ္စရေးနိုင်ငံ၏ ဒုတိယအကြီးဆုံး ဆိပ်ကမ်းမြို့ဖြစ်သည့် အက်ချ်ဒေါ့ဒ် ဆိပ်ကမ်းမြို့သို့ ဒုံးကျည်တစ်လုံး ကျရောက်ခဲ့သော်လည်း အသေအပျောက်မရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒ တရုတ်နိုင်ငံဆက်လက်ကျင့်သုံးသွားမည်

ပေကျင်း ဒီဇင်ဘာ ၂၉

တရုတ်ပြည်၏ နှစ်ပေါင်း ၃၀ ကြာ ပြုပြင်ပြောင်းလဲမှုမှာ ကြီးမားသော တော်လှန်ရေးပုံစံသစ်တစ်ခုဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်ပြီး မိမိတို့နိုင်ငံအနေဖြင့် ရှေ့ဆက်ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်သူ သမ္မတဟူကျင်တောင်က ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များ၏ အုပ်စုလိုက်လေ့လာမှု အစည်းအဝေးတွင် အထက်ပါအတိုင်း တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

ဖြစ်ပွား

တရုတ်ပြည်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်ဝါဒကို နိုင်ငံတော်စီးပွားရေး ပျက်လုနီးပါးဖြစ်ပွားစေသည့် ဆယ်နှစ်ကြာ ယဉ်ကျေးမှုတော်လှန်ရေးအပြီး လွန်ခဲ့သည့် အနှစ်(၃၀)က စတင်ခဲ့ခြင်းဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှုများကြောင့် တစ်ချိန်က ဆင်းရဲတွင်းနက်ခဲ့သည့် တရုတ်နိုင်ငံကို ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပြောင်းလဲသွားစေသည်။

ပြောကြား

မစ္စတာဟူက ဆက်လက်ပြောကြားရာ၌ ပြုပြင်ပြောင်းလဲမှု တံခါးဖွင့်ဝါဒနှင့် တရုတ်နည်း၊ တရုတ်ဟန် ဆိုရှယ်လစ်လမ်းစဉ်တို့သည် ထိုနှစ်များအတွင်း ပြည်တွင်း၊ ပြည်ပမှ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ခြိမ်းခြောက်မှုအားလုံးကို ရင်ဆိုင်ကျော်လွှားစေနိုင်သည့် အခြေခံအကြောင်းများဖြစ်သည်ဟု ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်အရှေ့ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် ၁၆ ဦးသေဆုံး

ကဘူးလ် ဒီဇင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့ထ်ပြည်နယ်၌ ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းက ရဲဌာနတစ်ခု၏ခြံဝင်းအနီး ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသော ကားဖြင့် အသေခံ ဗုံးခွဲသမားက ဗုံးခွဲတိုက်ခိုက်မှုကြောင့် ကလေး၁၄ဦးနှင့် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင်၁၆ ဦးသေဆုံးပြီး ၅၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရပ်ကွက်များက ထုတ်ဖော်ပြောကြားခဲ့သည်။

တာလီဘန်ခေတ်လွန် အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်အစိုးရနှင့်နိုင်ငံစုံတပ်ဖွဲ့များ ယင်းဒေသတွင် တပ်ဖြန့်ချထားမှုကို ဖိအားပေးသည့်အနေဖြင့် တာလီဘန်ခေါင်းဆောင် မူလာအား တာလီဘန်ဌာနချုပ်၌ တာဝန်ထမ်းဆောင်နေသူ ဂျာလာလူဒင်ဟာကာနီဆိုသူက အကူအညီပေးနေကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကာဇီမီယက်အရပ်တွင် ဒီဇင်ဘာ ၂၇ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားကိုတွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟန္နိုင်း ဒီဇင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် လပေါင်းများစွာ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းခဲ့ရာမှ ယခုအခါ ပြန်လည်ဖြစ်ပွားလာကြောင်း၊ မွေးမြူရေးခြံနှစ်ခြံမှ ဘဲနှင့်ကြက်များ သေကျကြောင်း ဗီယက်နမ်အစိုးရပိုင် သတင်းစာတစ်စောင်က ဒီဇင်ဘာ၂၈ရက်၌ ရေးသားဖော်ပြသည်။

ဟန္နိုင်းမြို့တော်မြောက်ဘက် မိုင်၅၀ခန့်အကွာ ထိုင်းငုယင်မြို့ ဘဲခြံမှ ဘဲသုံးလေးကောင်နှင့် ထိုမြို့ကြက်ခြံမှကြက်အချို့ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ကြိုတင်ကာကွယ်ရန် ကြက်ကောင်ရေ ၄၂၀၀ နီးပါးကို သုတ်သင်လိုက်သည်။ ဆောင်းရာသီအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ပြန်လည်ခေါင်းထောင်လာနိုင်ကြောင်း ဗီယက်နမ်ဒုတိယကျန်းမာရေး ဝန်ကြီးထရင်ကွမ်ဟွန်က သတိပေးပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့တော်၌ ဗုံးခွဲတိုက်ခိုက်မှု အနည်းဆုံး ၂၈ ဦးသေဆုံး ၅၅ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဒီဇင်ဘာ ၂၇ရက်က ဗုံးပေါက်ကွဲမှုနှစ်ရပ်ကြောင့် အနည်းဆုံး ၂၈ဦးသေဆုံးပြီး ၅၅ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

တုန်လှုပ်ခဲ့ရ

ပြီးခဲ့သည့်နှစ်က အကြမ်းဖက်မှုများ သိသိသာသာ လျော့ကျသွားသည့်ကြားမှပင် ကားဗုံးများ၊ လမ်းဘေးဗုံးများနှင့် အခြားသော တိုက်ခိုက်မှုများ ပုံမှန်ကဲ့သို့ ပေါ်ပေါက်ခဲ့သည့် ဘဂ္ဂဒက်မြို့တော်တွင် အဆိုပါ ပေါက်ကွဲမှုနှစ်ရပ်ကြောင့် တုန်လှုပ်ခဲ့ရသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း ရှီးယိုက်များနေထိုင်ရာရပ်ကွက်မှ ဘတ်စ်ကားနှင့် အငှားကားဂိတ်တွင် ပထမ ဗုံးပေါက်ကွဲသဖြင့် ၂၅ဦး သေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

ဒုတိယဗုံးမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက်တွင် ပေါက်ကွဲခြင်းဖြစ်သည်။ တပ်ဖွဲ့ဝင်တစ်ဦးနှင့် အစောင့်နှစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်ငါးဦးနှင့် အစောင့် ငါးဦးဒဏ်ရာအသီးသီး ရရှိသွားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဆဝပ်တောင်ကြားဒေသတွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦး ပက်ရှဝါဆေးရုံတွင် ဆေးကုသမှုခံယူနေသည်ကို ဒီဇင်ဘာ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူများအား ဆေးရုံတွင် ဒီဇင်ဘာ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေး ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခန်းမကြီး၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အမျိုးသမီး ဝန်ထမ်းများနှင့် မိခိုသူ အမျိုးသမီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် နေပြည်တော်ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများထံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၏ ဇနီး ဒေါ်နွဲ့နွဲ့နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၏ ဇနီး ဒေါ်စန်းစန်းလွင်တို့က ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အမျိုးသမီး ဝန်ထမ်းများနှင့် မိခိုသူ အမျိုးသမီးများ၏ အဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်ကြသည်။

လှူဒါန်းငွေပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းထံ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းအေးနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၏ ဇနီး ဒေါ်မာလာဝင်းတို့က ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှူဒါန်းငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဥက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး၏ ပညာပေး ဟောပြောပွဲတွင် ဆွေးနွေးဟောပြောမည့် ၂၀၀၇ခုနှစ်အတွက် အမျိုးသားစာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ဒေါ်စန္ဒာခင်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်းကို ဖတ်ကြားသည်။

ထို့နောက် ၂၀၀၇ခုနှစ်အတွက် အမျိုးသား စာပေဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ ဒေါ်စန္ဒာခင်က **"ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းဖြင့် ဂုဏ်ယူပါ"** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ဂုဏ်ပြုလက်ဆောင်

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၏ဇနီး ဒေါ်နွဲ့နွဲ့က ပြန်ကြားရေးဝန်ကြီးဌာနမှ ဂုဏ်ပြုလက်ဆောင်ကို ဒေါ်စန္ဒာခင်ထံ ပေးအပ်ပြီး ဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ ဟောကြားတော်မူသော တရားတော်
၇:၅၅-၁:၅၅	"အင်း" ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၈:၁၅-၂:၁၅	Sunday Talk
၈:၅၀-၂:၅၀	မန္တလေးမြို့ နှစ်(၁၅၀)ပြည့် အကြိုလှုပ်ရှားမှု
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ခနရိုးရာ အစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၉:၃၅-၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅	P.C လုံခြုံရေး
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	Diploma Guide (Business Administration Diploma အကြောင်း သိကောင်းစရာ)
၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅	စားချင်သဖွယ်နည်း အသွယ်သွယ် (သိုးသားခါးပတ်နှင့် သိုးလက်ပြင်သားကင်)
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅-၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	လေ့လာဆည်းပူး သင်ယူစရာ R.V Centre မှာ (အပိုင်း-၁)
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	Yangon Panorama (ကမ္ဘာ့အေးဂမုန်းပွင့် Shopping Mall ဖွင့်ပွဲ)
၁၂:၁၀-၆:၀၀	ဆီးချိုသွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်)
၁၂:၂၅-၆:၂၅	Music Gallery (အိန်အိန်း-မင်းဘာလုပ်မှာလဲ)
၁၂:၄၅-၆:၄၅	သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီ ပဲတီစိမ်းပန်းတိုင်"
၁၂:၅၅-၆:၅၅	တေးဂီတအစီအစဉ်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၃၀	Hull City-Aston Villa	ESPN (Live)

မြန်မာနယူးဝိဒ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၉

"သတင်းစာ၌ အမွေပြတ်စွန့်လွှတ်ခြင်းကြောင့် အမွေဆုံးရှုံးပါသလား" သတင်းဆောင်းပါး ပါရှိသည့် မြန်မာနယူးဝိဒ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၅၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိထားသည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးဝိဒ်ဂျာနယ်တွင် လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံ သမိုင်း ဗီဒီယိုဇာတ်ကား မကြာမီဖြန့်ချိမည်၊ ယာယီသက်တမ်းလွန် ကားများ ထိရောက်စွာ အရေးယူမည်၊ မြန်မာနိုင်ငံတွင် ကြိုးမဲ့အင်တာနက်စနစ် သုံးစွဲတော့မည်၊ MCC နှင့် ရုရှားမှ Multi Net Group တို့ ပူးပေါင်းဆောင်ရွက်မည်၊ ထိုင်းနိုင်ငံတွင် ငွေစက္ကူအတုများ ပေါ်ထွက်နေဟု သိရ၊ ကမ္ဘာကို ကိုင်လှုပ်သွားခဲ့သည့် ၂၀၀၈ဖြစ်ရပ်သတင်းများ၊ တရုတ်-မြန်မာနယ်စပ်တွင် ၄ ဒသမ ၉ အင်အားရှိ ငလျင်လှုပ်၊ လှိုင်သာယာစက်မှုဇုန်တွင် ဝဥအမှုန့်ကြိတ်စက်ရုံ မီးလောင်၊ ဒေါက်တာမြသိန်းဟန်၏ အထူးကျန်းမာရေးဆေးစစ်ခြင်း၊ ဒေါက်တာဦးစိုးလွင်၏ ဘဝထဲ တကယ်ရောက်ပါမှ၊ ဗီယက်နမ်-မြန်မာကုန်သွယ်မှု တိုးတက်လာ၊ ကော့သောင်းနယ်စပ်မှ ငါးမျိုးစုံနှင့် ကင်းမွန် နိုဝင်ဘာ၌ ဒေါ်လာတစ်သန်းဖိုးတင်ပို့နိုင်ခဲ့၊ မြဝတီနယ်စပ်မှ ဝက်မျိုးကောင်း မျိုးသန့်များတင်သွင်းရန် စီစဉ်ဆောင်ရွက်နေ၊ ကျောက်မျက်ရတနာလုပ်ကွက်များ ပိုမိုချပေးမည်၊ စတိုးဆိုင် ဈေးဆိုင်များတွင် ဈေးဝယ်ဟန်ဆောင်၍ ခိုးယူနေမှု (၂၅)မှု ဖမ်းဆီးရမိ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီထွန်းထွန်းနိုင် ကွယ်လွန်၊ မြောက်ကိုရီးယားက တောင်ကိုရီးယားအား နောက်ထပ်စစ်ပွဲတစ်ခုဖြစ်ပွားရန် စတင်ကြောင်း မီးတောက်မီးလျှံပင်လယ်ဖြစ်သွားစေမည်ဟု ခြိမ်းခြောက်၊ တရုတ်နိုင်ငံက ဂျပန်နိုင်ငံအား တိုက်ခိုက်လာလျှင် ချူကလီးယားလက်နက်သုံး၍ တိုက်ခိုက်ရန် အမေရိကန်အား ဂျပန်ခေါင်းဆောင်ဟောင်းက တောင်းဆိုခဲ့၊ ပါကစ္စတန်စစ်အင်အား နှစ်သောင်းကျော် အိန္ဒိယနယ်စပ်တွင် ချထားပြီ စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးဝိဒ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိ

ရန်ကုန် ဒီဇင်ဘာ ၂၉

ဒီဇင်ဘာ ၂၉ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ မကွေးတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ဝ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် အမ်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်သည်။

ဒီဇင်ဘာ ၃၀ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာခိုင်နှုန်း၄၀ဖြစ်သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ ၃၀ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ဖြစ်သည်။

သာယာနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံ ဆရာဝန်အသင်းညီလာခံကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၂၀ရက်အထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက်မှစ၍ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ တွင် ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်သည်။

ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဟောပြောပွဲ

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက စီစဉ်၍ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ယုဇနဟိုတယ်(ရွှေဂုံတိုင်)၌ ပင်လယ်ပြာစီးပွားရေးမဟာဗျူဟာခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက် နားထောင်နိုင်သည်။

မြန်မာ့သွေးသည် နီစွေး၏ စာအုပ်ဖြန့်ချိ

မြန်မာလူငယ် လူရွယ်များ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန် ရည်ရွယ်ပြီး ရေးသားတင်ပြထားသော ဆောင်းပါးလက်ရာ ၁၅ပုဒ်ပါရှိသည့် မြန်မာ့သွေးသည် နီစွေး၏ ဆောင်းပါးပေါင်းချုပ်ကို စာရေးဆရာ ဆကာကြီးအေးကြူ ရေးသားပြီး ထုတ်ဝေဖြန့်ချိထားသည်။

ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပွဲ ကယားပြည်နယ်ဗိုလ်စွဲ

ဘောလုံးသမား မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်အတွက် ကျင်းပခဲ့သော ၂၀၀၈ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း (၁၃)နှစ်အောက် လူငယ်ဘောလုံးပွဲကို ရန်ကုန်မြို့ ပဒေသာအားကစားကွင်း၌ ဒီဇင်ဘာ ၂၇ရက် ညနေ ၃နာရီတွင် ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရာ ကယားပြည်နယ်အသင်းက စစ်ကိုင်းတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဟင်္သာတမြို့ အထက(ခွဲ) မြတ်ဆရာပူဇော်ပွဲ

ဟင်္သာတမြို့ အထက(ခွဲ) နိဗ္ဗာန်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအား ကျောင်းသားဟောင်းများက ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် နံနက် ၁၁နာရီတွင် အဆိုပါကျောင်း၌ မြတ်ဆရာပူဇော်မည် ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့်ရသူများ ပညာသင်ဆုလျှောက်နိုင်

၂၀၀၇-၂၀၀၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်အသီးသီးတွင် ဝင်ခွင့်ရ ကျောင်းသားများအား ပညာသင်ဆုချီးမြှင့်မည်ဖြစ်ရာ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထားပြီး မြန်မာအင်ဖိုတက် လှိုင်နယ်မြေ အဆောင် ၄ အခန်း ၆ ဖုန်း-၆၅၂၂၄၃ သို့ ဆက်သွယ်နိုင်ကြသည်။

မြန်မာ-တရုတ်ကုန်သွယ်ရေး ပို့ကုန် ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ ပို့ကုန်များကို ပိုမိုတင်ပို့နိုင်ပြီး ယခုဘဏ္ဍာရေးနှစ် ရှစ်လတာအတွင်း တရုတ်နိုင်ငံမှ သွင်းကုန်တန်ဖိုးထက် မြန်မာ့ပို့ကုန်တန်ဖိုးက ဒေါ်လာ ၂၄သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အသန့်ရှင်းဆုံးကျောင်းနှင့် စားသောက်ဆိုင် ဆု

၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွင်း ရန်ကုန်မြို့ရှိ မြို့နယ် ၃၃မြို့နယ်မှ ကျောင်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ စစ်ဆေး၍ အသန့်ရှင်းဆုံးကျောင်းများကို ၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်း ဆုချီးမြှင့်ပေးမည်ဖြစ်ပြီး ၂၀၀၉ခုနှစ်အတွင်း နှစ်နှစ် တစ်ကြိမ် ရွေးချယ်သော အသန့်ရှင်းဆုံး စားသောက်ဆိုင်များကိုလည်း စစ်ဆေး၍ ဇူလိုင်လခန့်၌ ဆုချီးမြှင့်ပေးမည် ဖြစ်သည်။

နိုင်ငံတကာ လူငယ်စွမ်းရည်ပြိုင်ပွဲ မြန်မာ ကြေးတံဆိပ်ရ

တောင်ကိုရီးယားသမ္မတနိုင်ငံတွင် ဒီဇင်ဘာ ၇ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့သည့် The 5th International Junior Science Olympiad ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၅၂နိုင်ငံမှ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ကျောင်းသား သုံးဦးက ကြေးတံဆိပ်ရရှိခဲ့သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လှိုင်းဘုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းဆောင်သစ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အပိုင်းက ဒေသအတွက် အရေးပါသော စိုက်ပျိုးရေးနှင့်ရေလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာရေး ပံ့ပိုးကူညီထောက်ပံ့သင့်သည်များကို ကူညီထောက်ပံ့သွားမည်

● *ရှေ့ဖုံးမှ*

ကြိုဆို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်

လှိုင်းဘုန်းစံပြကျေးရွာရှိ နေရောင်ခြည်စွမ်းအင်သုံး လေးလက်မစက်ရေတွင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စစ်ဆေး

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ ပြန်လည်ပြုပြင် ထူထောင်ထားမှုအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မော်လမြိုင်ကျွန်းမြို့နယ်ခန်းမ၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ် လေမုန်တိုင်းဒဏ်ခံခဲ့ရမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြရာ၌ မြို့နယ်၏ အကျယ်အဝန်းနှင့် မြေအသုံးချနိုင်မှုအခြေအနေ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ သာသနိက အဆောက်အအုံများ၊ ဆေးရုံနှင့်စာသင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်မှု အခြေအနေ၊ အေဝမ်းကုမ္ပဏီ၊ တီဇက်တီအမ်ကုမ္ပဏီနှင့် အော်ရီဂျင်နယ်ဂရု(ပ်)တို့က ကျေးလက်လူနေအိမ်များ တည်ဆောက်မှုအခြေအနေ၊ စံပြကျေးရွာများဖြစ်သော လှိုင်းဘုန်း၊ ငွေစင်ယော်၊ ခနိချောင်း၊ ကြက်လျှာ၊ လှိုင်းဘုန်းလေး၊ ကျားဟုန်းကျေးရွာများ၌ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်အပါအဝင် အလှူရှင်များက လှူဒါန်းသော ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုများ၊ မြို့တွင်းမြေသားလမ်း၊ ကျောက်ချောလမ်းနှင့်တံတားများ ပြုပြင်တိုးချဲ့တည်ဆောက်ပေးမှု၊ မြို့ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှု၊ မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးစီးမှု၊ နွေစပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်စီမံထားရှိမှု၊ လေဘေးသင့်ကျေးရွာအုပ်စုများအား ပြည်တွင်းပြည်ပ အလှူရှင်များက ထောက်ပံ့လှူဒါန်းမှု၊ စက်မှုလယ်ယာဦးစီးဌာန၊ IDE(M)၊ UNDP နှင့် ICDP တို့မှ လက်တွန်းထွန်စက်များ ထောက်ပံ့ရရှိဖြန့်ဖြူးမှု၊ ကျွဲ၊ ဝက်၊ ဘဲနှင့် ကြက် ဖြန့်ဝေထောက်ပံ့မှု၊ ရေလုပ်ငန်းများအတွက် ငါးဖမ်းလှေနှင့်ငါးဖမ်းပိုက်များဖြန့်ဝေပေးမှုစသည့် မြို့နယ်အတွင်းပြန်လည်ထူထောင်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသခံပြည်သူများက နိုင်ငံတော်၏ ဦးစီးဦးဆောင်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

လမ်းကွန်ရက်

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် ပါဝင်သော မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၃မိုင် ၅ဖာလုံ၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ၅၂မိုင်၊ လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း ၃၅မိုင် ၂ဖာလုံ၊ ဘိုကလေး-ကြိမ်ချောင်းကြီး-ကဒုံကနီလမ်း ၃၉မိုင်၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၇မိုင်၅ဖာလုံတို့ကို လမ်းတစ်ခုချင်းအလိုက် ဖောက်လုပ်လျက်ရှိသည့် အခြေအနေ၊ မိုးမကျမီအချိန်အတွင်း မြေသားလမ်းများအဖြစ်အပြီးတည်ဆောက်သွားမည့် အစီအမံနှင့် တည်ဆောက်သွားရမည့် တံတားများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်မည့်ပုံစံများ

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်ဦးစိန်မောင်က မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေါင်းကူးပေးမည့် ရာဇူဒိုင်တံတားနှင့် မြင်းကကုန်းတံတားတို့ တည်ဆောက်မည့် ပုံစံများနှင့် ရေလွှတ်လမ်း အမြင့်ပေထားရှိမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်တည်ဆောက်

တံတားများတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သော လမ်းညွှန်မှုများပေးပြီး မော်လမြိုင်ကျွန်းမြို့သို့ ပေါင်းကူးဆက်စပ်မည့် မြစ်ကူးတံတားများကို အစီအမံအတိုင်း ဆက်လက်တည်ဆောက်သွားရန် မိန့်ကြားသည်။

အပြည့်အဝအသုံးချ

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်မှာကြားလမ်းညွှန်ရာ၌ ဧရာဝတီတိုင်း၏ ပေါကြွယ်ဝသော သဘာဝအရင်းအမြစ်များကို ဖော်ထုတ်၍ အပြည့်အဝအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တစ်ချိန်တစ်ခါက မြစ်ချောင်းပေါများသော ဧရာဝတီတိုင်းအတွင်း၌ ကားလမ်းဖောက်၍ တံတားများဆောက်လုပ်ရန်ကိစ္စမှာ လက်တွေ့မဖြစ်နိုင်ဘဲ စိတ်ကူးယဉ်၍ သာရသည့်ကိစ္စဟု ပြောဆိုခဲ့ကြသော်လည်း ယနေ့မိမိတို့ တွန်းတွန်းတိုက်တိုက်အားထုတ်ကြိုးပမ်းခဲ့သဖြင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများနှင့် ကားလမ်းများပေါ်ထွက်လာခဲ့ပြီး သွားရေးလာရေးသာမက ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ပါ ဘက်စုံတိုးတက်လာလျက်ရှိကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ယော်ကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် အမြဲတီထွင်ကြံဆ နည်းလမ်းရှာ၍ မြေသယံဇာတကို အပြည့်အဝ အသုံးချရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးတို့ကို ဖော်ဆောင်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဤဒေသအတွက် အရေးပါသော စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုး တိုးတက်လာရေးအတွက် ပံ့ပိုးကူညီထောက်ပံ့သင့်သည်များကို ကူညီထောက်ပံ့သွားမှာ ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ဆောင်သကဲ့သို့ မြို့နှင့်ကျေးရွာများကိုလည်း မြို့အင်္ဂါရပ်၊ ကျေးရွာအင်္ဂါရပ်များနှင့်အညီ စနစ်တကျ ခေတ်မီဖွံ့ဖြိုးစည်ပင်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း။

ရက်တိုသင်တန်း

ထို့အပြင် ကျေးလက်ဒေသများ၌ သက်ရှည်ကျန်းမာအောင်၊ အာဟာရဓာတ်ပြည့်ဝအောင် နေနည်း၊ ထိုင်နည်း၊ စားသောက်နည်း၊ ချက်ပြုတ်နည်းမှအစ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ရှေးဦးသူနာပြုစုနည်း၊ မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးနည်း၊ အိမ်တွင်းလက်မှုအတတ်ပညာစသည်တို့ကို နားလည်သိရှိပြန့်ပွားလာအောင် နယ်လှည့်အဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ရက်တိုသင်တန်းများပေးရန် လိုအပ်ကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၁၂နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာသို့ ထွက်ခွာခဲ့ကြပြီး လမ်းကြောင်းတစ်လျှောက်ရှိ ကျားဟုန်း၊ ငွေစင်ယော်၊ ခနီချောင်း၊ ကြက်လျှာ၊ လှိုင်းဘုန်းလေး စံပြကျေးရွာများ၏ တည်ဆောက်ထားရှိမှု

မော်လမြိုင်ကျွန်းမြို့နယ် ပိုးလောင်းကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အခြေအနေ၊ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူ လမ်း ဖောက်လုပ်လျက်ရှိသည့် အခြေအနေ၊ နွေစပါးနှင့် အခြားဆောင်းသီးနှံများစိုက်ပျိုးဖြစ်ထွန်းနေမှု၊ ဒီရေတောနှင့်လေကာပင်တန်းများ တည်ရှိနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အားပေးနှုတ်ဆက်

နိုင်ငံတော်အကြီးအကဲ လှိုင်းဘုန်းစံပြကျေးရွာသို့ ရောက်ရှိရာတွင် ဒေသခံများက ကြိုဆိုကြပြီး ဗိုလ်ချုပ်မှူးကြီးသည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှု၍ လူနေအိမ်အသစ်များ၌ နေထိုင်လျက်ရှိသော အိမ်ထောင်စုများကို အိမ်ထောင်စုအလိုက် စိုက်ပျိုးထားသည့် မီးဖိုချောင်သီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် စပ်လျဉ်း၍ မေးမြန်းအားပေးပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများအား ရင်းနှီးစွာ အားပေးနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီခွဲတွင် လှိုင်းဘုန်းစံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး လမ်းကြောင်းတစ်လျှောက်ရှိ ပိုးလောင်းကျေးရွာ၊ သစ်ပုတ်ကျေးရွာ၊ သိပ္ပံကုန်းကြီးကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ လမ်းများဖောက်လုပ်ထားမှုအခြေအနေ၊ သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေ၊ ဆားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့သို့ ရောက်ရှိကြရာ လပွတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်၍ မြို့ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေ၊ ဇရာဝတီဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုနှင့် မြို့တွင်းလမ်းများ ပြုပြင်ဖောက်လုပ်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ထူထောင်ရေးတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့ ရွှေနဒီခန်းမသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာမြို့နယ် အကျယ်အဝန်းနှင့်မြေအသုံးချမှု၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများ၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးခဲ့မှုများ၊ Max Myanmar ၊ ဝါဝါဝင်း၊ မြန်နန္ဒာ၊ Trust and Gain ၊ မြန်မာ့အလှ၊ မြတ်နိုးသူ၊ ဧရာရွှေဝါအစရှိသော တည်ဆောက်ရေးကုမ္ပဏီ စုစုပေါင်း ၁၄ခုတို့က တည်ဆောက်လျက်ရှိသော ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) များ ဆောက်လုပ်ရန် စီမံထားမှု၊ ပြင်စလူမြို့နှင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက ပါဝင်ဆောင်ရွက်တည်ဆောက်နေမှု၊ လပွတ္တာမြို့ သာယာလှပရေးအတွက် စီမံဆောင်ရွက်ထားမှုများ၊ မြို့တိုးချဲ့ရေးအတွက် (၃)မိုင်စခန်းတွင် မြေကွက်များ ဖော်ထုတ်လျက်ရှိသည့် အခြေအနေနှင့် စက်မှုလယ်ယာဦးစီးဌာန၊ UNDP ၊ Max Myanmar ၊ ဧရာရွှေဝါ၊ IDE ၊ Marlin စသည့် အဖွဲ့အစည်းကုမ္ပဏီများနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းထောက်ပံ့သော လက်တွန်းထွန်စက်များ ဖြန့်ဖြူးပြီးစီးမှုအခြေအနေ၊ မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဝေပေးမှု၊ ရေလုပ်ငန်း ပြန်လည်ထူထောင်ရန် ငါးဖမ်းလှေ၊ ငါးဖမ်းပိုက် ဖြန့်ဝေပေးမှု၊ ဆားလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေပြီးစီးမှု၊ အခြေခံပညာကျောင်းများ၊ ဆေးရုံဆေးခန်းများ ပြုပြင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရေရှည်မျှော်မှန်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက လပွတ္တာမြို့သည် ဖွံ့ဖြိုးလျက်ရှိသည့်အပြင် လူဦးရေပါ တိုးပွားလျက်ရှိသဖြင့် ရေရှည်မျှော်မှန်း၍ မြို့ကို တိုးချဲ့အကွက်ချပေးရန် စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ကို မူလ အနေအထားအတိုင်းသာမက ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း စီးပွားရေးအခြေအနေ အမြဲတိုးတက်နေရန် လေ့လာဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေ၃နာရီ မိနစ်၅၀တွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းစံပြကျေးရွာရှိ လူနေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

30-12 (07).pmd 1 12/30/2008, 1:53 AM

လွတ်လပ်ရေးနှင့် အချုပ်အခြာ မျိုးချစ် 'အား' နှင့် ကာကွယ်ပါ

အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးပြီး သူ့ကျွန်ဘဝကျရောက်ခဲ့တဲ့ ကာလဟာ နှစ်ပေါင်းတစ်ရာ ကျော်ခဲ့ပါတယ်။ ရခိုင်နဲ့ တနင်္သာရီဟာ ၁၈၂၅ ခုနှစ်မှာလည်းကောင်း၊ တောင်ငူမှ အောက်မြန်မာနိုင်ငံအောက်ပိုင်းဟာ ၁၈၅၂ ခုနှစ်မှာလည်းကောင်း၊ မန္တလေးရတနာပုံ နေပြည်တော်အပါအဝင် အထက်မြန်မာနိုင်ငံဟာ ၁၈၈၅ခုနှစ်မှာလည်းကောင်း ဗြိတိသျှ နယ်ချဲ့တို့ရဲ့ ကျူးကျော်သိမ်းပိုက် ကျွန်ပြုခြင်းခံခဲ့ရပါတယ်။

ဤစာရေးသူဟာ ဒီကနေ့ အသက်၇၈နှစ်ထဲမှာဆိုတော့ ကျွန်ဘဝမှာ ၁၇နှစ်သားလောက် အထိ နေခဲ့ရပါတယ်။ စာရေးသူရဲ့ မိဘနဲ့ ဘိုးဘွားတွေဟာ ကျွန်သက်ရှည်ခဲ့ကြရပါတယ်။ နယ်ချဲ့တယ်ဆိုကတည်းက ဒီနိုင်ငံရဲ့ မြေသယံဇာတတွေ၊ ရေသယံဇာတတွေ၊ ကောက်ပဲသီးနှံတွေ၊ ဆန်စပါးတွေ၊ ကျွန်းသစ်တွေ၊ ရေနံတွေ၊ အဖိုးတန်ကျောက်မျက်ရတနာတွေကို သယ်ထုတ်ပြီး သူတို့ချမ်းသာကြွယ်ဝဖို့ဆိုတာ အလွန်ရှင်းပါတယ်။

ဒါကြောင့်လည်း ဘုံဘေဘားမားလို မျက်နှာဖြူကုမ္ပဏီက ကျွန်းသစ်တွေ၊ ပျဉ်းကတိုးလို အဖိုးတန်သစ်တွေ စိတ်ကြိုက်ထုတ်ယူကြတာ ကျွန်တော်တို့ လက်ပိုက်ကြည့်နေခဲ့ကြရတာပါ။ ဘားမားကော်ပိုရေးရှင်းလို မျက်နှာဖြူ ဓာတ်သတ္တုလုပ်ငန်းတွေက မြန်မာ့မြေအောက်က ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခဲ စတာတွေ စိတ်တိုင်းကျ ထုတ်ယူကြတာတွေကိုလည်း မြန်မာတွေ မချိတင်ကဲ လှမ်းကြည့်နေလိုက်ကြရတာပါပဲ။ ဘီအိုစီဟာလည်း မြန်မာ့မြေအောက်ကရေနံတွေ အတောမသတ် ထုတ်ယူသွားတဲ့ မျက်နှာဖြူ ကုမ္ပဏီပါ။

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

တရားမျှတ လွတ်လပ်ခြင်းနဲ့မသေ့ ဒို့ပြည်

မြန်မာမျိုးချစ်တွေကလည်း နယ်ချဲ့သမားက မြန်မာတို့ရဲ့ကုပ်သွေး(ဂုတ်သွေး) စုပ်နေတာကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ စာရေးသူတို့ ငယ်ငယ်ကတည်းက ပတ်ဝန်းကျင်မှာ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံးဝင်တွေက တက်ကြွလှုပ်ရှားနေကြလို့ နယ်ချဲ့သမားလက် ကျရောက်နေတဲ့ မြန်မာနိုင်ငံကို လွတ်လပ်အောင် လုပ်နေကြတယ်။ ဆက်လက်ပြီး လုပ်ကြရမယ်ဆိုတဲ့အသိက ဝင်နေပါပြီ။ မျိုးချစ်စာဆိုတို့ရဲ့ ကဗျာတေးတွေကလည်း စာရေးသူတို့လို မြန်မာလေးတွေရဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ လွတ်လပ်ရေး စိတ်ဓာတ်တွေ ပျိုးထောင်ပေးနေခဲ့ကြပါတယ်။ ဒို့ဗမာအစည်းအရုံးက သခင်ဘွဲ့ခံမျိုးချစ်ကြီးတွေရဲ့ ဟောပြောသံတွေ၊ လွတ်လပ်ရေးကြိုးပမ်းမှု ဂီတသံတွေဟာ စာရေးသူတို့ ငယ်ရွယ်သူတွေအတွက် မျိုးချစ်စိတ်ဓာတ် နိုးကြားစေတဲ့ ပတ်ဝန်းကျင်ဖြစ်ခဲ့ပါတယ်။ ဟောပြောတာတွေ ကြားရသမျှ၊ စာတွေဖတ်ရသမျှကို အရင်းခံပြီး နယ်ချဲ့သမားများက မြန်မာပြည်သူတွေကို ဖိနှိပ်ချုပ်ချယ် ညှဉ်းပန်းပြီး မြန်မာတို့ရဲ့ ဥစ္စာပစ္စည်းတွေ လုယက်ယူငင်နေကြတဲ့ သရုပ်သကန်ကို မြင်နိုင်၊ သိနိုင်ခဲ့ကြပါတယ်။

မြန်မာဘုရင်ကို ဖမ်းဆီးပြီး ပြည်ပအကျဉ်းစခန်း (အိန္ဒိယနိုင်ငံ အနောက်ပိုင်း ရတနာဂီရိ)ကို ပို့တဲ့ကိစ္စကို ရာဖြတ်မင်းသားကြီး ဦးမောင်လေး ရေးသားပြီး ရုပ်သေးမင်းသမီး (မဒီ)ရုပ် ကိုင်တွယ်ကြိုးဆွဲရင်း ဦးဖူးညိုသီဆိုခဲ့တဲ့ ရွှေပြည်ကြီးသီချင်း၊ ဆရာရွှေတိုင်ညွန့် ရေးပြီး ဒေါ်စိန်ပါတီ သီဆိုတဲ့ ပါတော်မူသီချင်းတွေလည်း အလွတ်ရခဲ့ကြတယ်။ သီဆိုရင်း နယ်ချဲ့အပေါ် မုန်းတီးနာကြည်းခဲ့ကြရတယ်။

မန္တလေးက ဝိုင်အမ်ဘီအေသခင်တင်က ဒို့ဗမာအစည်းအရုံးက သခင်ဘသောင်း၊ သခင်ညီ၊ သခင်သိန်းမောင်ကြီးတို့နဲ့ စာသားရွေးချယ်ပြီး ကိုယ်ပိုင်သံစဉ်နဲ့ ရေးစပ်ခဲ့တဲ့ **"တကောင်းအဘိရာဇာ တို့ဗမာသာကီမျိုးဟာမို့ မညှိုးဂုဏ်ရောင်"** အစချီ ဒို့ဗမာသီချင်းကို ဆရာတင်ဟာ မြင်းခြံ ကိုးဆောင်တန်ဆောင်းကြီးမှာ ကျွေ့ကြီးရပ်တူရိယာအဖွဲ့ (GMA)၊ မြင်းခြံ သခင်ကြီးတွေနဲ့ ဦးစွာသီဆိုခဲ့ပြီးမှ ၁၉၃၀ပြည့်နှစ် ဇူလိုင်လ ရွှေတိဂုံစေတီတော် ရာဟုတန်ဆောင်းမှာ သခင်ဘသောင်း၊ သခင်လေးမောင်၊ သခင်ညီ၊ ဒေါ်စိန်ပါတီတို့နဲ့ တိုင်းသိပြည်သိ သီဆိုခဲ့ပါတယ်။

"သြော်…အမျိုးသားရေး ကြိုးပမ်းကြပါ၊ ဒို့ဗမာဟေ့… ဒို့ဗမာ… အရှေ့က နေဝန်းထွက်သည့်ပမာ…ဒို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ… ဒို့ဗမာ… ဟေ့ ဒို့ဗမာ မြန်မာပြည်တစ်ဝန်းအကုန်…ဒို့အိမ်မှတ်ပါ… ဒို့ယာ မှတ်ပါ အဲဒါ ဒို့ဗမာ…"

ထိုခြေဆင်းပိုဒ်နှင့် သံပြိုင်ပိုဒ် ကမ္ဘာမကျေကို စာရေးသူတို့ ကျောင်းသားဘဝမှာပဲ လက်သီးလက်မောင်းတန်းပြီး ဆိုခဲ့ကြပါတယ်။ လွတ်လပ်ရေးရတဲ့အခါ အမျိုးသားသီချင်းသစ် ရေးစပ်ခဲ့ကြပေမယ့် ဝိုင်အမ်ဘီအေ ဆရာတင်ရဲ့ ကမ္ဘာမကျေတေးသံစဉ်ကို မကျော်နိုင်ကြပါ။ ဒါကြောင့် ဖဆပလအစိုးရအဖွဲ့ဝင် ဝန်ကြီးဗိုလ်ခင်မောင်ကလေး၊ ဆရာဇော်ဂျီ၊ ဒဂုန်ဆရာတင်၊ ဒဂုန်ပဆရာတင်၊ ဆရာရန်နိုင်စိန်တို့က လွတ်လပ်ရေးနဲ့လျော်ညီမယ့် အမျိုးသားသီချင်းသစ်အတွက် ဝိုင်အမ်ဘီအေရဲ့ ဒို့ဗမာသီချင်းသံ စာသားသစ် အစားသွင်းပြီး အတည်ပြုခဲ့ကြပါတယ်။

သြော်…အမျိုးသားရေးမို့ ကြိုးပမ်းကြပါ…ဆိုတဲ့ ဆရာတင်ရဲ့ သီချင်း ဆရာရန်နိုင်စိန်က အမျိုးသားသီချင်းသစ်ရဲ့ ခြေဆင်းပိုဒ်အဖြစ်ယူပြီး စာသားသွင်းခဲ့ ဆရာရန်နိုင်စိန်သွင်းခဲ့တဲ့ ခြေဆင်းပိုဒ်ကတော့-

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသေ့
ဒို့ပြည်…ဒို့မြေ
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်
ဒို့ပြည်…ဒို့မြေ
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ…ထိန်းသိမ်းစို့လေ"

ခြေဆင်းပိုဒ်ပြီးတော့ သံပြိုင်ပိုဒ်ကိုလည်း ဆရာရန်နိုင်စိန်က စာသား ပေးခဲ့ပါတယ်။ ဝိုင်အမ်ဘီအေတုန်းကတော့ မြန်မာပြည်ဟာ (ဒီကနေ့ နယ်ချဲ့တွေ စိုး မယ့်) ဒို့ပြည် ဒို့မြေဖြစ်တယ်။ ဒါကြောင့် မြန်မာပြည်ကို ဒို့အိမ်လို့မှတ်၊ ဒို့ယာလို ပြန်လည်တိုက်ယူဖို့ လှုံ့ဆော်ရေးသားခဲ့တာပါ။ ဆရာရန်နိုင်စိန်ကတော့ မြန်မာ အခုလွတ်လပ်ပြီ၊ ဒို့ပြန်ပိုင်ပြီ၊ ဒို့ဘိုး ဒို့ဘွားအမွေပေးခဲ့တဲ့ ဒို့ပြည်ထောင်စုကို ဒို့ကာ အသက်ပေးစောင့်ရှောက်စို့လို့ အဓိပ္ပာယ်အနှစ်သာရပြောင်းပြီး ရေးခဲ့ပါတယ်။

"ကမ္ဘာမကျေ မြန်မာပြည်
(ဒို့ဘိုးဘွားအမွေစစ်မို့…ချစ်မြတ်နိုးပေ)၂
ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ…
ဒါဒို့ပြည်…ဒါဒို့မြေ…ဒို့ပိုင်နက်မြေ
ဒို့ပြည်…ဒို့မြေ…အကျိုးကို
ညီညာစွာ ဒို့တစ်တွေ
ထမ်းဆောင်ပါစို့လေ ဒို့တာဝန်ပေ…
အဖိုးတန်မြေ"

ပြည်ထောင်စုမြန်မာနိုင်ငံဟာ ရေမြေသဘာဝ ကောင်းမွန်ပြည့်လျှံတဲ့နိုင်ငံ၊ သယံဇာတတွေ ကြွယ်ဝတဲ့နိုင်ငံ၊ တိုင်းရင်းသားလူမျိုးတစ်ရာကျော် အစဉ်အဆက် ယှဉ်လျက် နေထိုင်ခဲ့ကြတဲ့နိုင်ငံ၊ ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ၊ ဂေါ်မြိုး၊ ပုလဲ၊ စတဲ့ ရတနာတွေလည်း ထူးထူးကဲကဲ ကြွယ်ဝတဲ့ နိုင်ငံဖြစ်လို့ အလွန်အဖိုးတန်တဲ့ နိုင်ငံ မြတ်မြတ်နိုးနိုး ကာကွယ်စောင့်ရှောက်ကြဖို့ နိုင်ငံအချုပ်အခြာအာဏာနဲ့ ပြည်ထေ အစဉ်ထာဝရ ကမ္ဘာသက်ဆုံးတိုင် ခိုင်မြဲနေရစေမယ်လို့ သန္နိဋ္ဌာန်ချလိုက်တဲ့ အ သီချင်းပါပဲ။

၁၉၇၄ခုနှစ်မှာ ဆိုရှယ်လစ်စနစ်ကို အဓိကထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေ ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုခဲ့ပါတယ်။ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆို သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေလို့ ခေါ်တွင်ခဲ့ပါတယ်။ အဲဒီ ဆိုရှယ်လစ်ခေတ်စနစ်နဲ့လျော်ညီမယ့် အမျိုးသားသီချင်းသစ်တွေ အများအပြား

အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးမည့် တနင်္သာရီတိုင်း ထားဝယ်တက္ကသိုလ် ပင်မဆောင်အဆောက်အအုံ။

လွတ်လပ်ခြင်း ငြိမ်းချမ်းခြင်း အသီးအပွင့်

လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း အသီးအပွင့်အဖြစ် အမွေခံ၊ အခြေခံ ကောင်းများ လက်ဆင့်ကမ်းလျက် ရှိသည့် အစိုးရ နည်းပညာ တက္ကသိုလ် (မြစ်ကြီးနား)။

ပညာသင်မှုအခွင့်အလမ်းများ တစ်ပြေးညီပွင့်လန်းလာသည့် သွေးချင်းတို့ဌာနေ ဘားအံမြေ။

၂၀၀၈ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

နဲ့မသွေ ဒို့ပြည် ဒို့မြေ

ကျော်ဇင်ညွန့်
(တရားရုံးချုပ်ရှေ့နေ)

သီချင်းသစ်အတွက် ဝိုင်အမ်ဘီအေရဲ့ ဒို့ဗမာသီချင်းသံစဉ်ကိုပဲ
ပြီး အတည်ပြုခဲ့ကြပါတယ်။
းရေးမို့ ကြိုးပမ်းကြပါ…ဆိုတဲ့ ဆရာတင်ရဲ့ သီချင်းစာပိုဒ်ကို
ားသီချင်းသစ်ရဲ့ ခြေဆင်းပိုဒ်အဖြစ်ယူပြီး စာသားသွင်းခဲ့ပါတယ်။
ခြေဆင်းပိုဒ်ကတော့-

လွတ်လပ်ခြင်းနဲ့မသွေ
ဲ
း ငြိမ်းချမ်းစေဖို့
ဒဖြူစင်တဲ့ပြည်
ဲ
အမွေ အမြဲတည်တံ့စေ
…ထိန်းသိမ်းစို့လေ"

တော့ သံပြိုင်ပိုဒ်ကိုလည်း ဆရာရန်နိုင်စိန်က စာသားသစ်သွင်း
အတွန်းကတော့ မြန်မာပြည်ဟာ (ဒီကနေ့ နယ်ချဲ့တွေ စိုးမိုးနေပေ
ယ်။ ဒါကြောင့် မြန်မာပြည်ကို ဒို့အိမ်လို့မှတ်၊ ဒို့ယာလို့မှတ်ပြီး
ဆော်ရေးသားခဲ့တာပါ။ ဆရာရန်နိုင်စိန်ကတော့ မြန်မာပြည်ဟာ
ပြီ၊ ဒို့ဘိုး ဒို့ဘွားအမွေပေးခဲ့တဲ့ ဒို့ပြည်ထောင်စုကို ဒို့ကာကွယ်စို့၊
ဲ့လို့ အဓိပ္ပာယ်အနှစ်သာရပြောင်းပြီး ရေးခဲ့ပါတယ်။

မြန်မာပြည်
မွေစစ်မို့…ချစ်မြတ်နိုးပေ)၂
ကို အသက်ပေးလို့ ဒို့ကာကွယ်မလေ…
ဒို့မြေ…ဒို့ပိုင်နက်မြေ
ဲ…အကျိုးကို
စ်တွေ
စို့လေ ဒို့တာဝန်ပေ…

ာနိုင်ငံဟာ ရေမြေသဘာဝ ကောင်းမွန်ပြည့်လျှံတဲ့နိုင်ငံ၊ သဘာဝ
ဲ့နိုင်ငံ၊ တိုင်းရင်းသားလူမျိုးတစ်ရာကျော် အစဉ်အဆက် လက်တွဲ
ဲ့နိုင်ငံ၊ ပတ္တမြား၊ ကျောက်စိမ်း၊ နီလာ၊ ဂေါ်ကြိုး၊ ပုလဲ၊ ရွှေ၊ ငွေ
ထူးကဲကဲ ကြွယ်ဝတဲ့ နိုင်ငံဖြစ်လို့ အလွန်အဖိုးတန်တဲ့ နိုင်ငံမြေအဖြစ်
စောင့်ရှောက်ကြဖို့ နိုင်ငံအချုပ်အခြာအာဏာနဲ့ ပြည်ထောင်စုမြေ
ဆုံးတိုင် ခိုင်မြဲနေရစေမယ်လို့ သန္နိဋ္ဌာန်ချလိုက်တဲ့ အမျိုးသား

ယ်လစ်စနစ်ကို အဓိကထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ
န္တခံယူ အတည်ပြုခဲ့ပါတယ်။ ၁၉၇၄ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်
ဖွဲ့စည်းပုံ အခြေခံဥပဒေလို့ ခေါ်တွင်ခဲ့ပါတယ်။ အဲဒီတုန်းက
လျော်ညီမယ့် အမျိုးသားသီချင်းသစ်တွေ အများအပြား ရေးစပ်ခဲ့ကြတယ်။ ပြည်သူကြား ချပြခဲ့တယ်၊ ရေးစပ်ထားသမျှ အမျိုးသားသီချင်းသစ်ကို ပြည်သူတို့က ဘဝင်မတွေ့ပါဘူး။ သံစဉ်ကလည်း ၁၉၃၀ပြည့်နှစ်ကတည်းက အရိုးစွဲခဲ့တဲ့ ဒို့ဗမာသီချင်း ကမ္ဘာမကျေကို မကျော်နိုင်ပြန်ပါဘူး။ ဒါကြောင့် နောင်အမျိုးသား သီချင်းအသစ် မပေါ်သေးမီ လက်ရှိအမျိုးသားသီချင်းကို အသုံးပြုမယ်လို့ပဲ ပြဋ္ဌာန်းခဲ့ကြရပါတယ်။

အခု ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အမျိုးသားညီလာခံကြီးက အခြေခံမူတွေ ချမှတ်ကြရာမှာ လက်ရှိအမျိုးသားသီချင်း (နိုင်ငံတော်သီချင်း) ကိုပဲ အားလုံးက မပြုမပြင် ဆက်လက်အသုံးပြုဖို့ တစ်ခဲနက် ချမှတ်ခဲ့ကြတယ်။ အခြေခံဥပဒေမှာလည်း လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုဖို့ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။ ဝိုင်အမ်ဘီအေရဲ့ ကမ္ဘာမကျေသံစဉ်ဟာ မြန်မာတို့ အာတွေ့ခဲ့ကြတာ၊ နားစွဲခဲ့ကြတာ နှစ်ပေါင်း ၇၈နှစ်ရှိခဲ့ပြီမို့ ဒီသံစဉ်ကို လက်မလွှတ်နိုင်ကြပါဘူး။

ဆရာရန်နိုင်စိန် အစားရေးသွင်းခဲ့တဲ့သီချင်းရဲ့ စာသားကိုကြည့်ရင်လည်း"**တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ ဒို့ပြည်…ဒို့မြေ…များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့…ခွင့်တူညီမျှဝါဒဖြူစင်တဲ့ပြည် ဒို့ပြည်… ဒို့မြေ**"စတဲ့ တေးစာသားမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားကို ဖော်ညွှန်းထားပါတယ်။ အမျိုးသားညီလာခံက ချမှတ်ပြီး အခြေခံဥပဒေ(၂၀၀၈) အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ(၆) ပုဒ်မခွဲ(င)မှာ ဖော်ပြထားတဲ့"**နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး**"ဆိုတာနဲ့ ထပ်တူထပ်မျှ ဖြစ်နေတဲ့အတွက် လက်ရှိ အမျိုးသားသီချင်း (နိုင်ငံတော်သီချင်း)ကို ဆက်လက်အတည်ပြု ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာမကျေ သံပြိုင်ပိုဒ်စာသားတွေကလည်း ပြည်ထောင်စုကြီး ထာဝရတည်တံ့အောင် ဘိုးမွေဘွားမွေအဖြစ် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကာကွယ်စောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချထားတာဖြစ်နေတော့ အခြေခံဥပဒေသစ်နဲ့ အံဝင်ခွင်ကျ ဖြစ်နေပြန်ပါတယ်။

စာရေးသူကိုယ်တိုင် ကျွန်ဖြစ်ခဲ့ရတာ ၁၇နှစ်ပါ။ ကျွန်ဘဝ(ဝါ) လွတ်လပ်ရေး-အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရတဲ့ဘဝရဲ့ အနိဋ္ဌာရုံကို ကိုယ်တွေ့ခံခဲ့ရတဲ့အပြင် စာတွေ့အရလည်း လွတ်လပ်ရေးဆုံးရှုံးလို့ ပြည်သူတွေ ခံစားခဲ့ကြရတဲ့ ဒုက္ခတွေဟာ ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေနိုင်တဲ့ နစ်နာဆုံးရှုံးမှုတွေပါ။ ဒါကြောင့် ကိုယ်တိုင်လည်း ကျွန်ဘဝ ပြန်မသွားချင်၊ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်မိတ်ဆွေတွေ သာမက ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းအားလုံးကိုလည်း ကျွန်စော်မနံစေချင်ပါ။

ဒီကနေ့ အနှောင့်အယှက်မျိုးစုံ၊ အပိတ်အဆို့ အဖုံဖုံတို့ကြားမှာပဲ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာနေပြီ ဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးကို အရှိန်အဟုန်နဲ့ မြှင့်တင်နိုင်မယ့် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊ တံတား၊ ဆည်တမံ၊ ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံ၊ စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စတာတွေ ပြည်ထောင်စုတစ်ဝန်းမှာ တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ်ပါတယ်။ ဒီလိုငြိမ်းချမ်းတိုးတက် ဖွံ့ဖြိုးလာနိုင်တာဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားကြလို့ ဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုတွေကို ဆက်လက်တိုးချဲ့ပြီး နိုင်ငံတော်စီးပွားရေးကို မြင့်တက်အောင် ကြိုးစားကြရပါမယ်။ ရေမြင့်တော့ ကြာတင့်ဆိုသလို နိုင်ငံစီးပွားရေး မြင့်တက်လာမှတော့ ပြည်သူတွေရဲ့ လူနေမှု အဆင့်အတန်းကလည်း မြင့်တက်လာမှာ ဧကန်မုချပါပဲ။ အဲဒီလိုလူနေမှု အဆင့်အတန်း မြင့်တက်လာခြင်းဟာ လွတ်လပ်ရေး အရသာအစစ် ဖြစ်ပါတယ်ခင်ဗျာ။ ။

ဒီကနေ့ အနှောင့်အယှက်မျိုးစုံ၊ အပိတ်အဆို့ အဖုံဖုံတို့ကြားမှာပဲ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာနေပြီ ဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးကို အရှိန်အဟုန်နဲ့ မြှင့်တင်နိုင်မယ့် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လမ်း၊ တံတား၊ ဆည်တမံ၊ ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံ၊ စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စတာတွေ ပြည်ထောင်စုတစ်ဝန်းမှာ တိုးတက်ဖြစ်ထွန်းနေပြီ ဖြစ်ပါတယ်။ ဒီလို ငြိမ်းချမ်း တိုးတက် ဖွံ့ဖြိုးလာနိုင်တာဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားကြလို့ ဖြစ်ပါတယ်။

ိ
ချမ်းခြင်း
အခြေခံ
မ်းလျက်
ည်းပညာ
)။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

စဉ်	အမည်	တည်နေရာဒေသ	ဖွင့်လှစ်သည့်နေ့
၁	အထက်တန်း ကျောင်းဆောင်သစ်	ရခိုင်ပြည်နယ်၊ ရသေ့တောင်	၂-၁-၂၀၀၈
၂	အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)	၁၆-၁-၂၀၀၈
၃	ကလေးနည်းပညာတက္ကသိုလ် သုံးထပ်ဆောင်	စစ်ကိုင်းတိုင်း၊ ကလေး	၄-၂-၂၀၀၈
၄	မြိတ်တက္ကသိုလ်ပင်မဆောင်	တနင်္သာရီတိုင်း၊ မြိတ်	၃-၃-၂၀၀၈
၅	အခြေခံပညာအထက်တန်း နှစ်ထပ်ကျောင်းဆောင်သစ်	မန္တလေးတိုင်း၊ ချမ်းအေးသာစံ	၂၉-၃-၂၀၀၈
၆	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်	၂၇-၆-၂၀၀၈
၇	အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပ	၂၇-၆-၂၀၀၈
၈	မူလတန်းလွန်ကျောင်း	ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)	၁-၈-၂၀၀၈
၉	အထက်တန်း ကျောင်းဆောင်သစ်	ပဲခူးတိုင်း၊ ဖြူး	၈-၈-၂၀၀၈
၁၀	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)	၃-၉-၂၀၀၈
၁၁	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ လှိုင်သာယာ	၆-၉-၂၀၀၈
၁၂	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ သာကေတ	၁၁-၉-၂၀၀၈
၁၃	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ ကျောက်တန်း	၁၆-၉-၂၀၀၈
၁၄	အခြေခံပညာအလယ်တန်း ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ သန်လျင်	၁၆-၉-၂၀၀၈
၁၅	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ရခိုင်ပြည်နယ်၊ စစ်တွေ	၂၈-၉-၂၀၀၈
၁၆	သူရဲသမိန်အခြေခံပညာအလယ်တန်းကျောင်း	ပဲခူးတိုင်း၊ ဝေါ	၄-၁၀-၂၀၀၈
၁၇	အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်	ဧရာဝတီတိုင်း၊ ဘိုကလေး	၂၃-၁၁-၂၀၀၈
၁၈	မူလတန်းလွန်နှစ်ထပ် ကျောင်းဆောင်သစ်	ရန်ကုန်တိုင်း၊ သဃ်န်းကျွန်း	၁၂-၁၂-၂၀၀၈

အတွင်း
ဝန်း
ာဏ္ဍာ
မှုမြင်ကွင်း

ပြည်ထောင်စုအတွင်း လွတ်လပ်ခြင်း၊ အေးချမ်းခြင်းမှသည် ဖွံ့ဖြိုးတိုးတက်ဝေစည်လာသည်နှင့်အမျှ အနာဂတ်အတွက် လူ့စွမ်းအား အရင်းအမြစ်များကို တက္ကသိုလ် အသီးသီးမှ ဘွဲ့မိနက်သန်မှန်စွာ မွေးထုတ်ပေးလျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး
ရေဘုတ်ရေလှောင်တမံ စီမံကိန်းနှင့် တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၉

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၄ရက် နံနက်၇နာရီခွဲက လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ထီလုံစစ်မှုထမ်းဟောင်းကျေးရွာရှိထီလုံစစ်မှုထမ်းဟောင်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဘားအံမြို့နယ် တရုတ်လှကျေးရွာရှိ တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ကို ကြည့်ရှုစစ်ဆေးပြီး တရုတ်လှကျေးရွာအနီးရှိ တောင်သူဦးမောင်မဲ၏ စပါးစိုက်ခင်း၌ နွေစပါး စပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြေသားလမ်းလုပ်ငန်း

ယင်းနောက် သထုံ-မြိုင်ကလေးလမ်း မိုင်တိုင်အမှတ် ၁၉နှင့် ၂၀ကြား၌ လမ်းပြုပြင်ဆောင်ရွက်နေမှုများ၊ မိုင်တိုင်အမှတ် ၂၆/၂၃၌ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများ၊ မိုင်တိုင်အမှတ် ၃၅မိုင် ၁ဖာလုံရှိ မြစံအင်း၌ အမာခံမြေသားလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

သဲဖြူချောင်းတံတား

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် သထုံမြို့နယ် ဂေါ့ကျေးရွာကွင်းအမှတ်(၆၆၈) တောင်သူဦးစောလှမြင့်၏ စပါးစိုက်ခင်း၌ စပါးရိတ်သိမ်းခြွေလှေ့နေမှု၊ အစေ့ချစိုက်ပျိုးနေမှုများကိုလည်းကောင်း၊ ရန်ကုန်-မြိတ်ကားလမ်း မိုင်တိုင်အမှတ် ၁၄၄မိုင် ၅ဖာလုံနှင့် ၆ ဖာလုံကြားတွင် ကတ္တရာဖျော်နေမှု၊ ရေပိတ်လွှာလောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နောင်ကုလားကျေးရွာ၌ တစ်အုပ်တစ်မ ဟင်းသီးဟင်းရွက်စိုက်ခင်းကိုလည်းကောင်း၊ ကဖိုင်းငှက်ပျောတောခရိုင်ချင်းဆက်လမ်းအမှတ် (၂)လမ်း တစ်လျှောက်ရှိ လမ်းပိုင်းအခြေအနေ များနှင့် လမ်းတစ်လျှောက်တံတားများ တည်ဆောက်ထားရှိမှု အခြေအနေများ၊ ၇၆မိုင်၂ဖာလုံနှင့် ၃ဖာလုံကြားရှိသဲဖြူချောင်း တံတားဆောက်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဘုတ်ရေလှောင်တမံ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာရှိ ရေဘုတ်ရေလှောင်တမံစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန် ပညာရေး တက္ကသိုလ်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက်(စနေနေ့)နံနက် ၉ နာရီတွင် တက္ကသိုလ်များမဏ္ဍာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်မိတ်ဆွေများအားလုံး တက်ရောက်ကြရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလှူဒါန်းလိုပါက ဒေါက်တာလွင်လွင်စိုး ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၀၁၁၄၇၊ဦးအုန်းမြင့် ဖုန်း-၀၉-၈၀-၂၄၁၉၄၊ဒေါ်တင်တင်ရှု ဖုန်း-၅၅၇၃၀၉၊ဦးအေးကြိုင် ဖုန်း-၅၅၇၆၄၃၊ ဦးအောင်သွင် ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဖုန်း-၀၂-၆၆၄၀၁၊ဦးကျော်ဝင်းမြင့် ဖုန်း-၂၁၂၉၆၉၊ လိုင်းခွဲ-၂၀၃၊ ဒေါ်ကြူကြူရွှေ ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်အောင် ဖုန်း-၅၆၄၂၁၁၊ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၁၇နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(ပညာရေးတက္ကသိုလ်)**

ဒါးပိန်တောင်ကျေးရွာအုပ်စု အထကကျောင်းဆောင်သစ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့နံနက်ပိုင်းက ဒါးပိန်တောင် ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း ရွှေရတုကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးကာ အဖွင့်အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများထံ အလှူရှင်များက ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် အလံများပေးအပ်၍ မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သခွပ်ပင် အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒါးပိန်တောင်-သခွပ်ပင်ကျေးရွာချင်းဆက် ဂဝံလမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာအချက်အလက်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ နွေစပါးရေရရှိရေးနှင့် စက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အားပေးစကားပြောကြား

ယင်းနောက် တိုင်းမှူးသည် လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာ လယ်သမားကြီး ဦးအောင်ဇော်၏ နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက်၅နာရီက စစ်တွေမြို့ စာတိုက်ကြီးရှေ့မှ ရှုခင်းသာလမ်းအတိုင်း ပွိုင့်အပန်းဖြေစခန်းအထိ ယင်းမှ ပင်လယ်ကမ်းစပ်တစ်လျှောက် စစ်တွေဟိုတယ်ရှေ့အထိကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ပြည်နယ်အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် ဇနီး ဒေါ်ကြည်ကြည်ဝေ၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘကြည်နှင့် ဇနီးဒေါ်အေးအေးသန်း၊ အဖွဲ့ဝင်(၂)ဦးတင်မောင်နှင့် ဇနီးဒေါ်နွယ်နီ၊ ဒေသခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊စစ်သည်မိသားစုများ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာဆရာမများ၊ စစ်တွေခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၅၀၀၀ကျော် တက်ရောက်၍ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ဝေသာလီအားကစားကွင်းတွင် လမ်းလျှောက်သူများက ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများပြုလုပ်ပြီး ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘောလုံး၊ ဖူဆယ်နှင့် ဖယောင်းတိုင်မီးထွန်း လမ်းလျှောက်ပြိုင်ပွဲများကျင်းပရာ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(၁၁၃)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၃၁ရပ်ကွက် ဆောင်းဟောမာန်အိမ်ရာဝင်းအတွင်း ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် ညနေ၅နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရောင်းချပေး

အထူးဈေးရောင်းပွဲတော်တွင် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ဂျင်းဘောင်းဘီ၊ တီရှပ်အမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းများဖြစ်သော ပန်းကန်၊ ဇလုံမှအစ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ၊ ဦးထုပ်၊ ဖိနပ်၊ အမျိုးသမီးသုံးပစ္စည်းအမျိုးမျိုးနှင့် အလှပြင်ပစ္စည်းများ ရောင်းချပေးသည်။ **(အောက်ပုံ) (၁၀၀)**

မြို့လှမြို့နယ် ရုံးအဆောက်အအုံ ဆောက်လုပ်

ရွှေကူ ဒီဇင်ဘာ ၂၉

မြို့လှမြို့နယ်မှ ဆောင်ရွက်လျက်ရှိသော ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်သည့် မြို့လှမြို့ရုံးအဆောက်အအုံကို ဒီဇင်ဘာ ၂ရက်က ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင်တို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့လှမြို့တာဝန်ခံ ဦးဇော်လင်းဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

■ *ကျော့ဖုံးမှ*

တည်ဆောက်ခဲ့သည့် ကျောက်ဖြူမှ မအီအထိ အိပ်မက်တံတားကြီး ၁၀စင်းကို သွားရောက်လေ့လာပြီး တောင်ကုတ်သို့ မော်တော်ကားဖြင့် ခရီးဆက်ခဲ့ကြသည်။

နှုတ်ဆက်

ကျောက်ဖြူ အဝေးပြေးကားဂိတ်သို့ ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လင်း (ယခုညောင်ဦးခရိုင်)၊ အဖွဲ့ဝင်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းစိုး၊ အတွင်းရေးမှူးဦးတင်သိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်စောနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးအောင်ကျော်စိန်တို့က ခဏတာတွေ့ရသော်လည်း တကယ့် ဆွေမျိုးရင်းပမာ မြန်မာ့အလင်းသတင်းအဖွဲ့ကို လိုက်ပို့နှုတ်ဆက်ကြပါသည်။

ပြော၍မကုန်၊ ဂုဏ်ပြု၍မဆုံး အံ့ဩလောက်အောင် တည်ဆောက်ခဲ့သည့် သမိုင်းတွင်ရစ်မည့် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်း၊ မအီ-ကျောက်ဖြူ လမ်းအပိုင်းမှ တံတားကြီး ၁၀စင်းကို တတိယအကြိမ် ဖြတ်သန်းခဲ့သည်။

ပထမအကြိမ် ဖြတ်သန်းစဉ်က မရောက်ဖူးသဖြင့် မအိပ်၊ မငိုက်နိုင်ပါ။ ဒုတိယအကြိမ် ဖြတ်သည့်အခါမှ မှတ်တမ်းဓာတ်ပုံရိုက်ရန်အတွက် မျက်စိမမှိတ်နိုင်ပါ။ တတိယအကြိမ်ဖြတ်သန်းသည့်အခါ တံတားကြီးများနှင့် ပတ်သက်သည့် အချက်အလက်များ ပြည့်စုံစွာသိသဖြင့် တည်ဆောက်သူများကို လေးစားဂုဏ်ပြုရင်း ငေးမောကြည့်နေရ၍ မျက်စိအနားမပေးနိုင်ပါ။

ဦးတည်

မအီလမ်းဆုံရောက်သည့်အခါဝဲဘက်သို့သွားလျှင် အမ်းမြို့၊ ယာဘက်သို့ သွားလျှင် တောင်ကုတ်မြို့ဖြစ်သည်။ မအီတံတားကြီးကို ကျော်ဖြတ်ပြီးသည်နှင့် တောင်ကုတ်မြို့သို့ ဦးတည်သွားနေသည်။

တောင်ကုတ်မြို့ စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တောင်ကုတ်မြို့ အဝေးပြေးကားဂိတ်သို့ရောက်သည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဖုန်းဖြင့်သတင်းပို့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက တည်းခိုရိပ်သာသို့ ပို့ပေးပြီး လေ့လာလိုသည့် ဌာနများနှင့် ဆက်သွယ်ပေးသည်။

လေ့လာ

မြန်မာ့အလင်း သတင်းအဖွဲ့သည် ခရီးကအတော်ပင်ပန်းနေသည်။ စစ်တွေမြို့ကိုစတင်ရောက်သည်မှ တစ်ရက်မျှ မနားရပါ။ တည်းခိုရိပ်သာသို့ လေ့လာစစ်ဌာနချုပ် တိုင်းမှူး ကွင်းဆင်းကြည့်ရှုပြီး ကျေးလက်နေပြည်သူများသာမက မြို့ပေါ် ရပ်ကွက်ရှိ ပြည်သူများသို့ ရေပေးဝေနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မှာကြားပြီး နိုင်ငံတော်မှ ကျပ် ၅၄၅ ဒသမ၇၅သိန်း ထောက်ပံ့ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျပ် ၉၅ ဒသမ ၅ သိန်း ထည့်ဝင်ကာ ဝက်ကျိုတ် မိုးရေလှောင်တမံကို တည်ဆောက်ခဲ့ပေးသည်။

ယခုအခါ ဝက်ကျိုတ်မိုးရေလှောင်တမံမှ ၈လက်မပိုက် ပေ၁၀၃၀၀၊ တစ်လက်မပိုက်ပေ ၂၃၆၀ သွယ်တန်းကာ ကျေးလက်နှင့် မြို့ပေါ်ရပ်ကွက်အချို့ ရေပေးဝေလျက်လိုသည့် ဌာနများရောက်လာသဖြင့် ဧည့်ခန်းတွင်တွေ့ဆုံကာလေ့လာရေးသားရပါသည်။

ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် မြေတိုင်းစာရေး ဦးကျော်ဖြူတို့က တောင်ကုတ်မြို့နယ် သာယာလှပရေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေလှောင်တမံအကြောင်း ရှင်းလင်းပြောကြားသည်။

တောင်ကုတ်မြို့နယ်အတွင်း ကတ္တရာလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ အရိပ်ရသစ်ပင်၊ အလှသစ်ပင်များ စိုက်ပျိုးခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နှင့် ကျေးလက် ရေပေးဝေမှုကို ပြောပြသည်။

တည်ဆောက်

တောင်ကုတ်မြို့၏ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် ဝက်ကျိုတ်ရေလှောင်တမံ တည်ရှိသည်။ ၂၀၀၀ ပြည့်နှစ်၌သောက်သုံးရေရှားပါးသောဝက်ကျိုတ်ကျေးရွာအုပ်စုအတွက် အလှူရှင် ဦးမြင့်သောင်းမှဝက်ကျိုတ်ရေကန်ကိုတည်ဆောက်လှူဒါန်းခဲ့ရာ ဒေသခံများအတွက် များစွာအကျိုးပြုသဖြင့် အနောက်ပိုင်းတိုင်းရှိပြီး နယ်မြေခံစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့ အဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုတို့ခံယူကာ မြို့ပေါ် ရပ်ကွက်အားလုံးနှင့် ရေခက်ခဲသည့် ကျေးလက်များသို့ ရေပေးဝေနိုင်ရေးကို ကြိုးပမ်းလျက်ရှိသည်။

အခမဲ့ပေးဝေ

ဂူတာရပ်ကွက်ရှိ ပြည်သူများအတွက် ၅ပေ x ၈ပေ x ၆ပေရှိ အုတ်ရေကန်လေးခု တည်ဆောက်ကာ အခမဲ့ရေပေးဝေလျက်ရှိသည့်အပြင် ဝဲကြီးကျေးရွာ၊ ဝက်ကျိုတ်ကျေးရွာ၊ မှိုဟင်းတောကျေးရွာနေ ပြည်သူများနှင့် သင်္ဘောဆိပ်များရှိ ပြည်သူများသို့လည်း ရေအခမဲ့ ဝေလျက်ရှိသည်ကို တွေ့ရသည်။

မိုးတိမ်ပြင် ကျေးရွာတွင် ငွေကျပ်ရှစ်သိန်းကျော်၊ မီးချောင်းထိုးကျေးရွာတွင် ငွေကျပ်ရှစ်သိန်းကျော်၊ နန်းရာကုန်းကျေးရွာတွင် ငွေကျပ်ရှစ်သိန်းကျော် အကုန်အကျခံကာ ပေ ၁၀၀× ပေ ၁၀၀× ၆ပေ မိုးရေလှောင်ကန်များ တူးဖော်ရန် စီစဉ်ထားရာ ယခုအခါ မီးချောင်းထိုးကျေးရွာ ရေလှောင်တမံမှာ ပြီးစီးလုဖြစ်သည်။

ဆက်လက်၍ လင်းအောင် အအေးခန်းစက်ရုံသို့ မော်တော်ဆိုင်ကယ်များနှင့် တောင်ကုတ်မြို့နယ်ငါးလုပ်ငန်း လက်ထောက်ဦးစီး ဦးစောကျော်လင်းနှင့်အတူ သွားရောက်လေ့လာရာ မန်နေဂျာ ဦးစောယုက သတင်းအဖွဲ့ သိလိုသမျှ ရှင်းပြသည်။

အအေးခန်းစက်ရုံ

လင်းအောင် အအေးခန်းစက်ရုံကို ၁၉၉၃ခုနှစ်တွင် ဦးမောင်မောင်ကြည်မှ ၁၅ တန်ကျ ရေခဲစက်တည်ဆောက်ပြီး ၁၉၉၄ ခုနှစ် ဩဂုတ်လတွင် တန် ၁၀၀၊ ၂၀၀၄ ခုနှစ် တန် ၁၅၀ကျ ရေခဲစက်နှင့် အအေးခန်းစက်ရုံအဖြစ် တိုးချဲ့ကာ ပြည်ပကြိုက် ပုစွန်များကို ထုပ်ပိုးကာ ပြည်ပသို့ တင်ပို့လျက်ရှိသည်။

တောင်ကုတ်မြို့သည် ရခိုင်ပြည်နယ်၏ စီးပွားရေးတံခါးပေါက် ဖြစ်သည့် အားလျော်စွာကျောက်ဖြူ၊မြေပုံ၊ကျောက်တော်၊ မာန်အောင်၊ ရမ်းဗြဲ၊ ပေါက်တော၊ မင်းပြား၊ စစ်တွေ အစရှိသည့် မြို့နယ်များမှ နေ့စဉ် ငါးနှင့်ပုစွန် ဝင်ရောက်မှုမှာ များပြားလှသဖြင့် လင်းအောင်အအေးခန်းစက်ရုံအတွက် ကုန်ကြမ်းမှာ စဉ်ဆက်မပြတ်ရရှိသဖြင့် နေ့စဉ်ပိတ်ရက်မရှိ လည်ပတ်နေသည်။

တစ်နေ့လျှင် ပိဿာချိန် တစ်တန်ခွဲမှ နှစ်တန်အထိ ကုန်ကြမ်းများ ရရှိနေပြီး ရန်ကုန်နေ ပြည်သူများနှင့် ပြည်ပနိုင်ငံများအတွက် ထုပ်ပိုးပြီး ပိဿာချိန် ခြောက်တန်မှ ၁၂တန်အထိ တစ်ပတ်နှစ်ကြိမ် ပေးပို့လျက်ရှိကာ လုပ်သား၂၀၀အား တစ်လငွေကျပ်သုံးသောင်းမှ ငွေကျပ်တစ်သိန်းအထိ ထောက်ပံ့လျက်ရှိသည်။

တောင်ကုတ်မြို့သည် ရခိုင်ပြည်နယ်တွင် ထူးခြားသည့် မြို့တစ်မြို့ ဖြစ်သည်။ ထူးခြားရခြင်းမှာ ညနေ ၆နာရီမှ ည၁၀နာရီအထိတစ်ကြိမ်၊ နံနက်၄နာရီခွဲမှ နံနက် ၆နာရီအထိ တစ်ကြိမ် တစ်နေ့ လျှပ်စစ်မီး နှစ်ကြိမ်ပေးသည့်မြို့ဖြစ်သည်။

တွင်တွင်ကျယ်ကျယ်

လင်းအောင်စက်ရုံမှာ၂၄နာရီ လျှပ်စစ်မီးပေးရသော အအေးခန်းစက်ရုံဖြစ်သဖြင့် စပါးခွံအစားထိုး မီးစက်နှင့် ဒီဇယ်သုံး မီးစက်တွဲသုံးရသော စက်ရုံဖြစ်သည်။ တစ်နာရီလျှင် ငွေကျပ်၄၆၂၀၀တန်ဖိုးရှိ စပါးခွံတင်း ၆၀ကုန်ကျပြီး ဒီဇယ်မှာ တစ်နာရီလျှင် ငွေကျပ် ၁၆၂၀၀၀ကုန် ကျသဖြင့် စပါးခွံမီးစက်များသည် မြို့နယ်များတွင် တွင်တွင်ကျယ်ကျယ် သုံးနေကြပြီဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံ သွားရောက်တွေ့ဆုံသည့်အခါ တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း လေ့လာရေးသွားလိုသည့် ဒေသ၊ မြို့နယ်များ သွားရောက်လေ့လာရေးသားရန်နှင့် ဝမ်ဖိုက်ဒီရေတောတံတားများ တည်ဆောက်သည့် ဆောက်လုပ်ရေးဝန်ထမ်းများကို ဂုဏ်ပြုရေးသားပေးရန်၊ တောင်ကုတ်မြို့စပါးခွံမီးစက်ကြီးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကူညီသည့် ဦးကျောက်တောင်နှင့် အဖွဲ့ကို တွေ့ဆုံရေးသားရန် မှာကြားသည်။

ဒေသဖွံ့ဖြိုးရေး

တိုင်းမှူး၏ မှာကြားချက်အရ မြန်မာ့အလင်းသတင်းအဖွဲ့သည် ရှေးဦးစွာ ဒေသခံများကို ဒေသဖွံ့ဖြိုးရေး ကော်မတီ၏ ဆောင်ရွက်ချက်များကို လေ့လာစုံစမ်းရာ အားလုံးကပင် တညီတညွတ်တည်း တောင်ကုတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကုတ်ဇာတိဖွား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစံလှိုင်နှင့် ဦးကျောက်တောင် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၅ဦးပါသည့် ဒေသဖွံ့ဖြိုးရေးကော်မတီမှ တောင်ကုတ် အထက နှစ်ထပ်ကျောင်းဆောင်သစ်၊အော်တိုတယ်လီဖုန်းအဆောက်အအုံနှင့် စက်ကုန်ကျစရိတ်၊ ဆိပ်ကမ်းအသစ်နှင့် ဆိပ်ကမ်းလမ်းကတ္တရာခင်းခြင်း၊ ဂိုဒေါင်များ ဆောက်လုပ်ခြင်း၊ ရေစူး၁၂ပေ အထက်သင်္ဘောများ ဆိုက်ကပ်နိုင်အောင် သင်္ဘောဆိပ်တွင် စီစဉ်ခြင်း စသည့် အကျိုးပြုလုပ်ငန်းများအပြင် ပညာ

တောင်ကုတ်မြို့နယ် လင်းအောင် အအေးခန်းစက်ရုံ လုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သင်စရိတ် ထောက်ပံ့ခြင်း၊ ဆေးဝါးကုသခြင်းများ ဆောင်ရွက်မှုများကို အားပါးတရ ပြောပြသဖြင့် ဦးကျောက်တောင်နှင့်အဖွဲ့ကို တွေ့ဆုံလိုသော်လည်း အချိန်မရသဖြင့် ပြန်ခဲ့ရပြီး ဦးကျောက်တောင်နှင့် ရန်ကုန်တွင် တွေ့ဆုံရန် ညှိနှိုင်းခဲ့သည်။

ညနေ၄နာရီခန့်တွင် တည်းခိုရိပ်သာသို့ ဦးခင်မောင် (Peace Marer's) စက်ရုံလုပ်ငန်းနှင့် ဦးချစ်လှိုင် (KTT) ငါး၊ပုစွန်အဝယ်ဒိုင်တို့ ရောက်လာပြီး ကကူရုံ၊ ကကတစ်၊ ကျောက်ငါးအုပ်စုများ နေ့စဉ် ပိဿာ၂၀၀၀ခန့် ဝယ်ယူမှု အခြေအနေ၊ ဒေသခံရေလုပ်သားများ မိုးတွင်းမှအပ ပွင့်လင်းရာသီတွင် ဝင်ငွေကောင်းမှု အခြေအနေနှင့် ရေလမ်း၊ ကုန်းလမ်းဖြင့် ရန်ကုန် စံပြဈေးသို့ ငါး၊ ပုစွန်တင်ပို့မှု၊ ဒိုင်များမှ လုပ်သားများ စားဝတ်နေရေး အထိုက်အလျောက်အဆင်ပြေမှုနှင့် ဒိုင်လုပ်ငန်းရှင်များ စီးပွားရေးခိုင်မာမှုတို့ကိုပြောပြသည်။ ဒေသတည်ငြိမ်အေးချမ်းမှုကိုလည်း ကျေနပ်ဝမ်းသာစွာ ပြောပြကြသဖြင့် ဝမ်းသာခဲ့ရသည်။

လျှပ်စစ်အင်ဂျင်နီယာ

ညနေ၆နာရီတွင် လျှပ်စစ်မီးစတင်ပေးသဖြင့် သတင်းအဖွဲ့သည် တည်းခိုရိပ်သာနှင့်နီးသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်လေ့လာရာ ယာယီတာဝန်ခံ ဦးသန်းအောင်က မြန်မာ့အလင်းသတင်းအဖွဲ့ သိလိုသမျှလိုက်လံ ရှင်းလင်းပြသပြီး လျှပ်စစ်မီးဖြင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုများ မိသားစုကြည့်နေသည့်အိမ်သို့ လိုက်ပို့ပေးသည်။

တောင်ကုတ်မြို့ 500 KVA စပါးခွံနှင့် ဒီဇယ်သုံး ဓာတ်အားပေးစက်မှာ တောင်ကုတ်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်းရှိပြီး RH-70၊ Yanmar, Japan ဘွိုင်လာဖြင့် 500 KVA နှစ်လုံးမှ 220 KW ထုတ်လုပ်လျက်ရှိသည်။

ဘွိုင်လာတန်ဖိုးမှာ ကျပ်သိန်း၉၅၀ဖြစ်ပြီးစရိတ်အပါအဝင် စုစုပေါင်း၁၁၆၈သိန်း ကျော်ကုန်ကျခဲ့ပြီး မီးသုံးစွဲသူများမှ တစ်ယူနစ် ကျပ်၃၅၀ဖြစ်ပြီး ဘာသာရေးနှင့် ဌာနဆိုင်ရာများ တစ်ယူနစ် ကျပ်၁၀၀ဖြစ်သည်။ ယူနစ်၃၀ထက်ကျော်လွန်ပါက ကျပ် ၃၅၀ကောက်ခံသည်။ တောင်ကုတ်မြို့နယ်အတွင်း မီတာ၁၅၈လုံးသုံးစွဲ လျက်ရှိသည်။

အဆင်ပြေ

ယခင်က တောင်ကုတ်မြို့တွင် လျှပ်စစ်မီး ဖြန့်ဝေမှုမှာ ကာလဒေသ အလိုက် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကာ တောင်ကုတ်ဒေသဖွံ့ဖြိုးရေးကော်မတီမှ ငွေကြေးစိုက်ထုတ်ပြီး စပါးခွံသုံး ဘွိုင်လာနှင့် ဒီဇယ်သုံးဓာတ်အားပေးစက် ပူးတွဲ သုံးကာ ၁၇-၁၁-၂၀၀၇ရက်မှစတင်၍ ဓာတ်အားများ ဖြန့်ဖြူးခဲ့သဖြင့် ပြည်သူများသာမက လျှပ်စစ်ဝန်ထမ်းများပါ အပိုထောက်ပံ့ကြေးရသဖြင့် အားလုံး အဆင်ပြေလျက်ရှိသည်။

နိုင်ငံသားကောင်းတစ်ဦးပီပီ မွေးရပ်မြေကို ကျေးဇူးဆပ်သည့် ဦးကျောက်တောင်မှ ရန်ကုန်သို့ ရောက်နေသည်ဟု သိရသဖြင့် ဆက်သွယ်ကာ နေထိုင်ရာ သဃ်န်းကျွန်းမြို့နယ်သို့ သွားရောက်တွေ့ဆုံပြီး သတင်းအဖွဲ့က သိလိုသမျှ မေးမြန်းခဲ့သည်။

ခွဲစိတ်ကုသ

မကြာမီက အထူးကုဆရာဝန်ကြီးများနှင့် တောင်ကုတ်မြို့နယ်အတွင်းရှိ လူနာ ၆၄၈ ဦးကို အဌမအကြိမ်မြောက် အခမဲ့ ဇီဝိတဒါန ဆေးကုသပေးသည့် အပြင် ယခုအခါ မျက်စိဝေဒနာရှင် ၁၂၅ ဦးကိုလည်း ခွဲစိတ်ကုသပေးကာ မျက်မှန်နှင့် မှန်ဘီလူးများကို ဒေါက်တာကံညွန့် ဦးဆောင်သောအဖွဲ့က လှူဒါန်းခဲ့သည်။

မျက်စိပြင်ပလူနာ၄၀၀ကျော်ကိုလည်း စစ်ဆေးကုသပေးကာ ဒေသဖွံ့ဖြိုးရေး ကော်မတီသည် မြို့ပေါ်ရှိလမ်းနှင့် မလွတ်သည့် အိမ်တစ်လုံးကို ဦးကျောက်တောင် ဦးဆောင်၍ ကျပ်၈၅သိန်းဖြင့် ဝယ်ယူကာ လမ်းဖောက်လှူဒါန်းခဲ့သဖြင့် တောင်ကုတ်မြို့ပေါ်သွား မြို့ပတ်လမ်းမှာ လမ်းကျယ်ဖြစ်ပြီး သွားလာရေး အဆင်ပြေလျက်ရှိသည်။

ကျောက်တော်မြို့နယ်သည်(မအီ-ပါ) ရပ်ကွက် ၈ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ခု ရှိပြီး စုစုပေါင်း လူဦးရေ ၁၄၅၀၀၀ ကျော် နေထိုင်လျက်ရှိရာ တစ်အူထုံ့ဆင်း မိမိတို့၏ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအပေါ် မိမိတတ်စွမ်းသမျှ စောင့်ရှောက်ကူညီသည့် ဦးကျောက်တောင် အမှူးပြုသည့် ဒေသဖွံ့ဖြိုးရေး ကော်မတီကို ကျေးဇူးတင်ရင်း တောင်ကုတ်ဒေသဆက်လက်ဖွံ့ဖြိုးရန်ဆုတောင်းမိပါတော့သည်။ ॥ **(မြန်မာ့အလင်း)**

ပြည်မြန်မာ သတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၉

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည် လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ GSM ဖုန်းအချင်းချင်းအသံဖြင့် Message ပို့နိုင်ပြီ၊ ရန်ကုန်တိုင်းအတွင်း မီးလောင်မှုဖြစ်ပွားပါက အမြန်မီးငြိမ်းသတ်နိုင်စေရန် ဇုန် ခုနစ်ခုခွဲ၍ ဆောင်ရွက်နေ၊ ၂၀၀၉ ခုနှစ်၏ ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလတွင် နေကြတ်မည်၊ နိုင်ငံတကာ ဆန်ဈေးကွက်သစ်များ ရှာဖွေထိုးဖောက်ရန် ဆောင်ရွက်မည်၊ အကယ်ဒမီထွန်းထွန်းနိုင်၏ နောက်ဆုံးခရီးမြင်ကွင်းအပြည့်အစုံ၊ ၂၀၀၈ ခုနှစ်၏ အထူးခြားဆုံး ဓာတ်ပုံသတင်း ဒိုင်ယာရီ၊ ကမ္ဘာ့ပထမဆုံး စက်ရုပ်နှင့် လူသား ပါဝင်သော ပြဇာတ်စတင်ကပြ၊ ဘိုးရင်းလေယာဉ်ကြီး မီးလောင်ပြီး နှစ်ပိုင်းကွဲသွားသော်လည်း ခရီးသည် ၁၁၅ဦးစလုံး အသက်မသေ၊ ရေသူမအဖြစ် အသက်မွေးသူလေး၊ ကင်းမြီးကောက် ဘုရင်မက ကင်းမြီးကောက်အကောင် ငါးထောင်နှင့်အတူ ၃၃ရက်နေပြပြီး ကမ္ဘာ့စံချိန်သစ်တင်ရန်ကြိုးပမ်း၊ အာရှမယ်ဘွဲ့ရခဲ့သူလေး ၁၂ထပ်တိုက်ပေါ်မှခုန်ချ၍ အဆုံးစီရင်သွားခဲ့၊ ကိုးနှစ်အရွယ်ကလေးငယ်လေး ဦးခေါင်းတစ်ခုလုံးနီးပါး ပြတ်သွားသော်လည်း အသက်မသေ၊ လာမည့်နှစ်တွင် ဒေါ်လာနှစ်သိန်းခန့်ဖြင့် မိုးပျံကားများဝယ်ယူနိုင်မည်၊ နှစ် ၃၀အတွင်း ဆူနာမီတစ်ကျော့ ပြန်ဖြစ်နိုင်ဖွယ်ရှိဟုဆို၊ လှိုင်းများနှင့်အတူ ကခုန်နိုင်မည့် ပင့်ကူသဏ္ဌာန် သင်္ဘောကြီး၊ တရုတ်က ခေတ်အမီဆုံးနှင့် အဆန်းပြားဆုံး စစ်သင်္ဘောသုံးစင်းကို ဆိုမာလီသို့ စေလွှတ်၊ အိန္ဒိယနယ်စပ်တွင် ပါကစ္စတန်က တပ်ဖွဲ့ဝင်ပေါင်း နှစ်သောင်းကျော်ချထားပြီး နောက်နှစ်နိုင်ငံဆက်ဆံရေး အလွန်တင်းမာနေ၊ လူသား၏ ရိုးတွင်းခြင်ဆီကို စတင်ဖန်တီးနိုင်ပြီ၊ ဂျာမန်ရေတပ်သင်္ဘောက အီဂျစ်သင်္ဘောကို ပင်လယ်ဓားပြများလက်မှ ကယ်တင်ခဲ့… စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုစာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အောင်စေတနာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ၇ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေး ကြိုတင်လေ့ကျင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဦးချစ်မောင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စဉ့်ကူးမြို့နယ်၌ နွေစပါးစီမံကိန်း တာဝန်ပေးအပ်

စဉ့်ကူး ဒီဇင်ဘာ ၂၂

စဉ့်ကူးမြို့နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါးစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးသန်းနွယ်က စီမံကိန်းတာဝန်ပေးအပ်မှုဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးငြိမ်းရက ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးလျာထားချက်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ကျော်ညွှန့်က နွေစပါးနှင့် ဆောင်းသီးနှံများ လျာထားချက် ပြည့်မီရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် တာဝန်ရှိသူများက ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါးစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်လွှာများကို ရှေ့တန်းစခန်းများအလိုက် ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်ကြောင်း သိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဘုတလင်မြို့ သုတဘဏ်စာကြည့်တိုက်သို့ သုတ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဘုတလင် ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကဦးဆောင်၍ ဖို့ကုန်းကျေးရွာ သုတဘဏ်စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၀ရက်က စာဖတ်ဝိုင်းနှင့် သုတရသစာအုပ်မျိုးစုံ လှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဇာနည်ဝင်းက ဒို့ကျေးရွာဂျာနယ် (အတွဲ-၅၊ အမှတ်-၂၃)မှ နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရန် လက်ဆင့်ကမ်းအမွေ ပေးအပ်မည်နှင့် နွယ်အင်းရွာမှ ဦးစိုးပြိုင်က စာကြည့်တိုက်ဆောင်းပါးကို ဖတ်ကြားသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)တွင်ပါရှိသည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းကို ဖတ်ကြားရှင်းလင်းရာ တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာစာကြည့်တိုက်ငါးတိုက်သို့ သုတ ရသ စာအုပ်မျိုးစုံလှူဒါန်းရာ ဖို့ကုန်းကျေးရွာ သုတဘဏ်စာကြည့်တိုက်မှူး ဦးကျော်ခင်က လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဟောပြောပွဲ ဟုမ္မလင်း၌ ကျင်းပ

ဟုမ္မလင်း ဒီဇင်ဘာ ၂၃

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဟုမ္မလင်းမြို့နယ် ကျွန်းကုန်းကျေးရွာ တွဲဖက်အမကတွင် ဒီဇင်ဘာ ၅ရက် ညနေ ၃နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်လင်းဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမဒေါ်ရီစီမိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမျိုးသန်းက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ဆိုင်းဘုတ်ကို ပန်းစာလုံးဖော်ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၉ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျောက်တလုံးကြီးမြို့၌ ကျင်းပ

ကျောက်တလုံးကြီး ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းဆိုင်စိန်နှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းမြိုးဆောင်းကျော်တို့သည် ဒီဇင်ဘာ ၁၁ရက် နံနက် ၁၀နာရီခွဲက ကက္ကူကျေးရွာအုပ်စု ကျောင်းထိုကျေးရွာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်၍ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပသည်။

အခမ်းအနားတွင် ကျောင်းထိုကျေးရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအကျိုးတော်ဆောင် ဦးတောက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ဟောပြောပွဲ စာဖတ်ဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြား

ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ သတ္တမတန်းကျောင်းသား ခွန်ဇော်မြင့်က ဒို့ကျေးရွာဂျာနယ်မှ ဒို့ကျေးရွာအတွက် ဆေးဖက်ဝင်နွင်းအကြောင်းကို ဖတ်ကြားပြီး ဆဋ္ဌမတန်းကျောင်းသား ခွန်ထွန်းဦးက ဒို့ကျေးရွာဂျာနယ်မှ သတိမထား အများအန္တရာယ်ဆောင်းပါးကို ဖတ်ကြားကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေး ဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ညောင်တုန်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် အမှတ်(၃)ရပ်ကွက် ဟသ်ာတကျောင်းလမ်းတွင် ဒီဇင်ဘာ ၁၀ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ မြို့နယ်အတွင်းရေးမှူး ဦးကိုကိုမောင်၊ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး၊ မြို့မရဲစခန်းမှူး ရဲအုပ်ကျော်မြသန်းနှင့် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၂)

မလှိုင်မြို့နယ်စည်ပင် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

မလှိုင် ဒီဇင်ဘာ ၁၅

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မလှိုင်မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စီမံချက်ချရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြတ်သက်နှင်း ဦးဆောင်၍ မြို့ပတ်လမ်းဘေး ဝဲယာတစ်လျှောက်တွင် ရေနုတ်မြောင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးရဲနိုင် ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်၄၇လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ၈ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်အေးသူဇာလှ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် ထူးချွန်စွမ်းရည်ပြိုင်

တောင်ကြီး ဒီဇင်ဘာ ၁၅

အမှတ်(၂)အခြေခံပညာဦးစီးဌာန အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် ထူးချွန်စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ၆ရက် နံနက်၉နာရီက ပြည်နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စစ်ဆေးရေးမှူး ဦးခင်မောင်ကိုက အမှာစကားပြောကြားပြီး ထူးချွန်စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်္ဂလိပ်စာကျပန်း စကားပြောပြိုင်ပွဲ ရေးဖြေ၊ နှုတ်ဖြေပြိုင်ပွဲကို စတုတ္ထတန်း၊သတ္တမတန်းနှင့်အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(ယာပုံ)**

အဆိုပါ စွမ်းရည်ပြိုင်ပွဲသို့ ပြည်နယ်စစ်ဆေးရေးမှူး ဦးခင်မောင်ကိုနှင့် ပြည်နယ်ပညာရေးရုံးအဖွဲ့များ၊ ၂၁မြို့နယ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၇၀ကျော် တက်ရောက်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

ပုဏ္ဏားကျွန်း ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကျင်းပ

ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၂

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက်၁၀နာရီက မြို့နယ်ရုံး၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးလှဘော်သူက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြီး စာထောက်-၃ ဒေါ်ဦးညွန့်ရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ စာအုပ်ပါ အခန်း(၁၊၂၊၃၊၄)တို့ကိုလည်းကောင်း၊ ရုပ်/သံ-၃ ဦးထွန်းစိန်ချေက အခန်း(၅၊၆၊၇၊၈)တို့ကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးနီထွန်းအောင်က အခန်း(၉၊၁၀၊၁၁၊၁၂) တို့ကိုလည်းကောင်း၊ စာရေး ဦးအေးသိန်းကျော်က အခန်း(၁၃၊ ၁၄၊ ၁၅)တို့ကိုလည်းကောင်း ဖတ်ကြားပြီး မြို့နယ်ဦးစီးမှူးက စာဖတ်ဝိုင်းကို ပြန်လည်သုံးသပ် ဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် နိုဝင်ဘာ ၂၀ရက်က မြေတူးစက်ဖြင့် ရေမြောင်းများ တူးဖော်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးငွေးဝင်း ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း

ဓာတ်ဆီဖြည့်ပိုက် ခေါက်နေသည်ကို မီးခြစ်ဖြင့် အပူပေးဖြောင့်ရာမှ မီးလောင်ပေါက်ကွဲမှု မိုးညှင်း၌ဖြစ်ပွား

မိုးညှင်း ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့ မြောက်ဘက် နှစ်ဖာလုံခန့်အကွာ ပြည်ထောင်စုလမ်းမကြီးဘေး ဆင်ဘိုကုန်းကျေးရွာ ဦးဖိုးလုံး-ဒေါ်ချောမြတ်သူတို့၏ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်၌ နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်ခန့်က **Nissan Diesel** အမျိုးအစား ယာဉ်အမှတ် (မရ-ယာယီ-၆၈၀/၀၈) ၁၂ဘီး မော်တော်ယာဉ်ကို ဆီဖြည့်စဉ် ဆိုင်ရှင် ဦးဖိုးလုံးက ဓာတ်ဆီဖြည့်ပိုက် ခေါက်နေသည်ကို ဖြောင့်စေရန် ရည်ရွယ်၍ မီးခြစ်ဖြင့် ပိုက်ခေါက်နေရာကို အပူပေးရာမှ ဆီပိုက်အတွင်းသို့ မီးဝင်ပြီး ကားဆီတိုင်ကီ မီးလောင်ပေါက်ကွဲသွားခဲ့သည်။

အတွင်းလူနာ

မီးလောင်ပေါက်ကွဲမှုကြောင့် ဆီဆိုင်ပိုင်ရှင် ဒေါ်ချောမြတ်သူမှာ ဝဲဘက် နဖူးတွင် မီးလောင်ခံရပြီး ယာဉ်နောက်လိုက် မောင်နေမျိုးအောင်မှာ တစ်ကိုယ်လုံးတွင် ပြင်းထန်စွာ မီးလောင်ခံရ၍ မိုးညှင်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ကုသခဲ့သည်။

သေဆုံး

အဆိုပါ ယာဉ်နောက်လိုက် မောင်နေမျိုးအောင်မှာ ဆေးကုသမှုခံနေရာမှ ဝေဒနာပြင်းထန်သဖြင့် ဒီဇင်ဘာ ၃ရက် နံနက် ၁၁နာရီက သေဆုံးသွားခဲ့ကြောင်း သိရသည်။ (၀၀၂)



ကတ္တရာခင်း

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မြို့သစ် (၄)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က လမ်းအတိုင်းအတာနှင့်လမ်းအရည်အသွေး စံချိန်စံညွှန်းမီစေရေးအတွက် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးဆရာတော် ဓမ္မသဘင်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၏ ပဓာနနာယက ပြည်တွင်းပြည်ပ-မဟာစည်နာယက (ဓမ္မကထိကဗဟုဇနဟိတရေ သာသနဓဇ ဓမ္မာစရိယ)ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ အရှင်သူမြတ်သည် ဒီဇင်ဘာ ၂၇ရက်တွင် လှိုင်မြို့နယ် (၂)ရပ်ကွက် ဆည်းဆာ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဓမ္မသဘင်၊ ၂၈ရက်တွင် တာမွေ ကျောက်မြောင်း ဓမ္မသဘင်၊ ၂၉ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့ဦးစေတီဓမ္မသဘင်၊ ၃၀၊၃၁ရက်တွင် မန္တလေးတိုင်း မန္တလေးမြို့သစ် ဓမ္မသဘင်၊ ၂၀၀၉ ဇန်နဝါရီ ၁ရက် သိမ်ဆိပ်ဓမ္မသဘင်၊ ၂ရက်တွင် ကျိုက်ကော်ဓမ္မသဘင်၊ ၃ရက်တွင် သထုံမြို့ ဓမ္မသဘင်၊ ၄၊ ၅၊ ၆ရက်တို့တွင် သံဖြူဇရပ်မြို့ ဓမ္မသဘင်၊ ၇ရက်တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် ဆည်းဆာ တာမွေမြို့နယ် (၁၉၃)လမ်း ဓမ္မသဘင်၊ ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

ရောင်းမည်

ဒိုင်နာ ၁၀ ပေ (87၊ ဒီဇယ်) ၂က/···· ကြိုပို့၊ ရေသန့်၊ အိမ်လုပ်ငန်း လုပ်ဆောင်ရန်အသင့်၊ လက်တင်စီး၊ ၁၆၂ L ၊ **ဖုန်း-၇၂၄၁၁၅၊ ၇၂၂၆၉၅။**



မင်္ဂလာ

အမျိုးသမီးဖက်ရှင်စက်ချုပ်ဆိုင်

- ဒီနေ့အပ် မနက်ဖြန်ရချင်သလား။
- အမြန်ကြေးမယူပါ။
- ဒီမှာပဲ ပိတ်စဝယ်။
- ဒီမှာပဲ အပ်လိုက်ပါ။

အမှတ်(၅၈/ဘီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၉၂၉၂ Honda Nova RS Super ယာဉ်လက်ဝယ်ရှိသူ ဦးသဲနောင်ထွန်း ၉/မဟမ(နိုင်)၀၁၁၉၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရမည်းသင်းမြို့နယ်တရားရုံး

၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် -၁၁

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။	**နှင့်**	၁။ ဦးမာ ၂။ ဒေါ်လတ်လတ်
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၃၈ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့ ပျဉ်တပ်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ် (၁၈/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၂၆×၁၇×၂၀)ပေသွပ်မိုး၊ ပျဉ်၊ သမံတလင်းခင်း နံကပ်နှစ်ထပ်လူနေအိမ်။ **ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။**

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှ ဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သောင်းရွှေ
တွံ့ဖက်မြို့နယ်တရားသူကြီး(ပထမတန်းအာဏာ)။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရမည်းသင်းမြို့နယ်တရားရုံး

၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၉

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။	**နှင့်**	၁။ ဦးတင်ဆောင် ၂။ ဒေါ်အေးအေးမြင့်
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၆၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့၊ သင်ပန်းကုန်းအုပ်စု၊ လက်ဆည်ကန်ရပ်၊ အကွက်(၁၁၇၉)၊ ကျောင်းဖြူကုန်း၊ အရှေ့ဦးပိုင်(၅၉)၊ ဧရိယာ ၀ဒသမ၃၅ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၃×၃)ပင် သွပ်မိုး၊ ကိုးလက်မအုတ်ရိုးကာ၊ နေအိမ်နှင့်တွဲလျက် တစ်ထပ်နံကပ်မီးဖိုချောင်။

ကြမ်းခင်းဈေး ကျပ်သိန်း၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန် စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သောင်းရွှေ
တွံ့ဖက်မြို့နယ်တရားသူကြီး (ပထမတန်းအာဏာ)။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရမည်းသင်းမြို့နယ်တရားရုံး

၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်- ၁၆

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။	**နှင့်**	၁။ ဦးခင်မောင်ဝင်း ၂။ ဒေါ်ခင်ဝေ
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၁၈ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့၊ ငှက်သိုက်ကျေးရွာ၊ အကွက်(၁၀၀၆)၊ ဦးပိုင် (၁၁၉)၊ ဧရိယာ ၀ဒသမ၂၃ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၂၅×၂၈×၂၂)ပေ သွပ်မိုး နှစ်ထပ်တိုက်ခံအိမ်။
၃။ (၅×၆×၄)ပေနှင့် (၅×၄×၃)ပေ ရေကန်နှစ်လုံး။

ကြမ်းခင်းဈေး ကျပ် ၁၃၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှ ဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သောင်းရွှေ
တွံ့ဖက်မြို့နယ်တရားသူကြီး (ပထမတန်းအာဏာ)။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရမည်းသင်းမြို့နယ်တရားရုံး

၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ် -၁၈

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။	**နှင့်**	၁။ ဦးလှငြိမ်း ၂။ ဒေါ်ခင်ငွေ
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၃၁ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့၊ ငှက်သိုက်ကျေးရွာ၊ အကွက်(၁၀၀၆)၊ ဦးပိုင် (၁၁၇)၊ ဧရိယာ၀ဒသမ ၂၂ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၂၅×၁၇×၂၂)ပေ သွပ်မိုး၊ နှစ်ထပ်တိုက်၊(၆×၅×၄)ပေ အုတ်ရိုးရေကန်။ **ကြမ်းခင်းဈေး ကျပ် ၈၅သိန်း။**

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သောင်းရွှေ
တွံ့ဖက်မြို့နယ်တရားသူကြီး(ပထမတန်းအာဏာ)။

လူပျောက်ကြော်ငြာ

ဦးတင်နိုင်-ဒေါ်သန်းသန်းအေးတို့၏သား၊ ဒေါ်သန်းမြင့်(အရှေ့တိုင်းပညာဌာန၊ စစ်တွေတက္ကသိုလ်)၏ တူသား မောင်ဘုန်းကျော် အသက်(၁၇)နှစ် ၁/မကတ(နိုင်)၁၀၃၆၈၆၊ မိုးကောင်းမြို့ အထက(၂)အဋ္ဌမတန်းကျောင်းသားသည် ၂၈-၆-၂၀၀၈ရက်တွင် နေအိမ်မှသွားလာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဘကြီး ဦးခင်မောင်၊ မိခင်ဒေါ်သန်းသန်းအေး၊ မေတ္တာမွန်တီဗွီကက်ဆက် ပြုပြင်ရေး၊ မိုးကောင်းခန်းမရှေ့၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ် ဖုန်း-၀၉-၉၀-၅၆၆၅၇၊ ၀၇၄-၄၀၄၀၄ နှင့် အဒေါ်ဒေါ်သန်းမြင့် ဖုန်း-၀၉-၈၅-၀၂၀၂၄ တို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ အထူးကျေးဇူးဆပ်ပါမည်။

သား-မေမေပြန်ရောက်ပြီ။ သားရောက်ရာအရပ်က အမြန်ဆုံးပြန်လာပါ။ မေမေစိတ်ပူနေတယ်။ သားကိုအားလုံးခွင့်လွှတ်တယ်။

ဖေဖေ၊ မေမေ။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၈၄၈၀ Zong Shen 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှမောင် ၉/မနတ(နိုင်)၁၀၃၂၆၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သတင်းဆောင်းပါး

"အေးချမ်းခေတ်မီ မြန်မာပြည်" ဓာတ်ပုံပြပွဲ ဒုတိယဆုရဓာတ်ပုံ။ (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၂၉

လွတ်လပ်ပြီး တည်ငြိမ်အေးချမ်းမှုရှိသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုများကို ညွှန်ပြဖော်ကျူးနိုင်သည့် တိုင်းကျိုးပြည်ပြုဓာတ်ပုံများ ရိုက်ကူးယှဉ်ပြိုင်စေသော **"အေးချမ်းခေတ်မီ မြန်မာပြည်"** အမည်ရှိ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ရန်ကုန်မြို့၌ မကြာမီက ကျင်းပခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူကျင်းပသည့် **"အေးချမ်းခေတ်မီ မြန်မာပြည်"** ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင် ၅၀ တို့က ဓာတ်ပုံပေါင်း ၁၇၅ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ယနေ့မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုကို ထင်ဟပ်ပေါ်လွင်စေသည့် ဓာတ်ပုံများကို မြင်တွေ့ခဲ့ရသည်။

တည်ငြိမ်အေးချမ်းမှု

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းမှုများ၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုများအပြင် သဘာဝရှုခင်း အလှများကိုပါ ဖော်ညွှန်းရိုက်ကူးနိုင်ခဲ့သည့် ဓာတ်ပုံများကို ရွေးချယ်ပြီး ဒီဇင်ဘာ ၁၂ရက်က *စာမျက်နှာ ၃ ကော်လံ ၁* ✻

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ဝင့်ထည်လို့မြူး

✻ ကမ္ဘာတိုင်...
ပိုင်စံမယ့် နေ့ထူး၊
ဒို့နိုင်ငံ မျိုးမာန်ဆင့်နေတော့
ဒို့အလံ မိုးယံအမြင့်မှာ
ဝင့်ထည်လို့မြူး။

✻ နိုင်ငံ့ဂုဏ် အထွတ်အမြတ်နဲ့
လွတ်လပ်ရေးနေ့ ဆင်နွှဲသည်၊
မောင်မယ်စုံ တစ်မိဖွားတွေမို့
အင်အားခိုင်ကျည်။
'ပြည်ထောင်စု အခွန့်ရှည်
တည်တံ့ဖို့ သတိ၊
တိုင်းရင်းသား စည်းလုံးညီ
ချစ်ကြည်ဖို့ အသိ၊
အချုပ်အခြာ အာဏာသည်
ကမ္ဘာတည်သည်အထိ'။
အရေးသုံးလီ သွေးအသက်ရယ်သို့
သန္နိဋ္ဌာန် အလေးအနက်ရယ်နဲ့
ဒို့ပိုင်နက် ဒို့ပိုင်စံလို့
ဒို့နိုင်ငံ ဒို့လူမျိုးကို
အေးချမ်းသာ ဝေစည်ဖြိုးအောင်
ဘက်ပေါင်းစုံ ဆောင်သယ်ပိုးကာ
အတွေးမှန် သွေးမာန်နိုးတယ်
ကောင်းကျိုးဆောင်၏။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် - - - -

ရေနံ့သာမောင်ကျော်ညွှန့်

"အေးချမ်းခေတ်မီ မြန်မာပြည်" ဓာတ်ပုံပြပွဲ ပထမဆုရ ဓာတ်ပုံ။ (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရခိုင်ပြည်နယ်၏ စီးပွားရေးတံခါးပေါက် တစ်ခုဖြစ်သည့်
မအီ-ကျောက်ဖြူလမ်းပိုင်းမှ ဖွံ့ဖြိုးစည်ပင်နေသော တောင်ကုတ်မြို့မြင်ကွင်း

သတင်းခရီးသည်
သတင်းထောက် စဥ့်ကူစိုးဝင်း
ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး (မြန်မာ့အလင်း)

စစ်တွေ ဒီဇင်ဘာ ၂၉

တည်ငြိမ်အေးချမ်းမှုကြောင့် စီးပွားရေးလုပ်ငန်းများ ဖောက်ချလုပ်ကိုင်နေသော ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

ကျောက်ဖြူမြို့မှ မအီမြို့အထိ တံတားများ တည်ဆောက်ထားမှု၊ ငါး၊ ပုစွန်ထုတ်လုပ်မှုများ အောင်မြင်နေမှုနှင့် ရေလှောင်တမံများ တည်ဆောက်ထားမှုအဖုံဖုံကို လေ့လာသိရှိခွင့် ရခဲ့သည်။ မြန်မာ့အလင်း သတင်းအဖွဲ့သည် တပ်မတော်အစိုးရ၏ စေတနာအမှန်နှင့် *စာမျက်နှာ ၁၁ ကော်လံ ၁* ■